www.burmeseclassic.com


မိတ်ဆွေစာပေ

# မိခင်ပြစ်မှားငရဲလား

နှင့်

# အခြားပုံပြင်များ

ရေနံ့သာမောင်ကျော်ညွန့်



www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

[illegible]မပြိုကွဲရေး ဒို့အရေး
[illegible]စည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
[illegible]အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

စီးပွားရေး ဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မိခင်ပြစ်မှား ငရဲသား

# နှင့်

# အခြားပုံပြင်များ

ရေနံ့သာ မောင်ကျော်ညွန့်

မိတ်ဆွေစာပေ

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၁၀၀၆၆၀၁၀၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၁၀၀၆၄၁၁၀၀၉
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၅၀၀အုပ်
တန်ဖိုး 1 5 5 ၀
ထုတ်ဝေသည့်ခုနှစ် - ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာ။
မျက်နှာဖုံးပန်းချီ - ကံကောင်း
အတွင်းဖလင် - A-7 Group (Asia Plaza)
ထုတ်ဝေသူ - ဦးချစ်ညွန့်(၀၄၀၀၄)
ဇင်ရတနာစာပေ
၂၉၅၊က/၄လမ်း၊
မြို့သစ်(က-ခရိုင်ကွက်)၊အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကြည်ဝင်း(၀၄၆၁၅)
လှဲလှဲမွန်ပုံနှိပ်တိုက်
၁၅၈၊၄၅လမ်း၊ ဗိုလ်တထောင်။

၃၉၈.၂
ကျော်ညွန့်၊ မောင်(ရေနံ့သာ)
မိခင်ပစ်မှားခဲ့လေသလားနှင့် အခြားပုံပြင်များ/ မောင်ကျော်ညွန့်(ရေနံ့သာ)။
- ရန်ကုန်။
ဇင်ရတနာစာပေ၊ ၂၀၀၉။
၄၀ - စာ ၊ ၁၂.၅ × ၁၇.၅စင်တီ။
(၁) မိခင်ပစ်မှားခဲ့လေသလားနှင့် အခြားပုံပြင်များ

BURMESE CLASSIC .com

## မာတိကာ

၁။ ပညာရှိလျှင် အမှန်မြင် ၁
၂။ ပညာကျွမ်းမြောက် ဂုဏ်ရှိန်တောက် ၁၁
၃။ ရှက်ကြောက်မှုကင်း ဆုံးရှုံးခြင်း ၁၈
၄။ သွေးစည်းချစ်ကြည် အောင်ပွဲတည် ၂၅
၅။ စွမ်းအားကိုယ်စီ ရှိနေသည် ၃၂
၆။ တောပြောင်းတဲ့သစ်တောက်ငှက် ၄၆
၇။ အရေးအကြောင်းဆို အတွေးကောင်းဖို့လို ၅၁
၈။ မာယာထောင်ချောက် ၆၀
၉။ စည်းလုံးကောက်ကျစ် သေတွင်းနစ် ၇၁



www.burmeseclassic.com

www.burmeseclassic.com

၁၀။ တူသောအကျိုး ၈၁

၁၁။ ဗိသင်ပြစ်မှား ငရဲလား ၈၇

၁၂။ သစ္စာတန်ခိုး ၉၉



# ပညာရှိလျှင် အမှန်မြင်

ဘုရားလောင်းက ပုဏ္ဏားမျိုးနွယ်ထဲမှာ ရောက်ရှိခဲ့ရသေး တယ်။ အဲဒီတုန်းက ဘုရားလောင်းဖြစ်တဲ့ ပုဏ္ဏားရဲ့ အမည်က သေနကတဲ့။ သေနကပုဏ္ဏားက တက္ကသိုလ်ပြည်က ဒိသာပါမောက္ခ ဆရာကြီးထံမှာနေပြီး တစ်ဆယ့်ရှစ်ရပ်သော အတတ်ပညာတွေကို သင်ယူလေ့ကျက်ခဲ့တယ်။ ဒီလိုနဲ့ယောကျ်ားတို့ တတ်အပ်တဲ့ တစ်ဆယ့် ရှစ်ရပ်သော အတတ်ပညာတွေကို ကျွမ်းကျင်နှံ့စပ် တတ်မြောက်ခဲ့ပြီ။ ဒီတော့ ဘုရားလောင်းသေနကပုဏ္ဏားဟာ သူ့ဇာတိနိုင်ငံ ဗာရာဏသီပြည်ကို ပြန်လာခဲ့တယ်။

အဲဒီတုန်းက ဗာရာဏသီပြည်ကြီးရဲ့ အနေ်သေင် ဘုရှင်

www.burmeseclassic.com

www.burmeseclassic.com



မင်းမြတ်ကတော့ ဇနကမင်းပါပဲ။ ဗာရာဏသီအရှင် ဘုရင်ဇနကမင်းက သေနကပုဏ္ဏားကို ပညာရှိအမတ်ကြီးအဖြစ် မြှောက်စားထားတယ်။

အဲဒီအချိန်မှာ ဖုန်းတောင်းယာစကာ အမျိုးအနွယ်ထဲက ပုဏ္ဏားအိုကြီးတစ်ယောက်ရှိသတဲ့။ အဲဒီ ပုဏ္ဏားအိုကြီးမှာရှိတဲ့ ဇနီး ပုဏ္ဏေးမလေးက အင်မတန်ချောတယ်။ အင်မတန်မှလည်း လှတယ်။ အရွယ်ကလေးက ငယ်ငယ်ဆိုတော့ အလှတွေကြွယ်နေတာပေါ့။ အင်မတန်မှ အလှကြွယ်လွန်းတဲ့ ပုဏ္ဏေးမငယ်လေးကို ပုဏ္ဏားအိုကြီးက နှစ်သက်မြတ်နိုးလွန်းပါပေတယ်။ ပုဏ္ဏေးမလေး ဆိုသမျှ အလိုကျအောင် ဆောင်ရွက်ပေးတော်မူတာပါပဲ။ ပုဏ္ဏေးမလေးရဲ့ မျက်နှာအညိုမခံပါဘူး။

“မောင်တော် ပုဏ္ဏားကြီး၊ ဒီကနေ့ အသပြာတစ်ထောင် ရအောင် ဆောင်ခဲ့ပါ။ အသပြာတစ်ထောင် မရမချင်း ပြန်မလာခဲ့ပါနဲ့။ အသပြာတစ်ထောင်ရမှ အိမ်ပြန်လာခဲ့ပါ”

တစ်နေ့မှာတော့ အရပ်တကာလှည့်လည်ပြီး တောင်းရမ်းဖို့အိမ်က ထွက်တော့မယ့်ဆဲဆဲမှာ ပုဏ္ဏေးမငယ်လေးက ပြောလိုက်သတဲ့။



“စိတ်ချတော်မူပါနှမတော်။ ဒီကနေ့ အသပြာတစ်ထောင် ရစေရပါမယ်။ အသပြာတစ်ထောင်ရအောင် ဆောင်ပေးပါ့မယ်။ အသပြာတစ်ထောင် မရမချင်း အိမ်ကို ပြန်မလာပါဘူး”

ပုဏ္ဏားအိုကြီးက ကတိပေးပြီးတာနဲ့ တောင်းရမ်းဖို့ ထွက်လာခဲ့တယ်။ တစ်ရွာဝင်တစ်ရွာထွက် မနားတမ်း လှည့်လည်ပြီး တောင်းရမ်းတော့တာပါပဲ။ အသပြာတစ်ထောင်ဆိုတာက နည်းနည်းနောနောငွေမှ မဟုတ်ဘဲကွယ်။ အသပြာတစ်ထောင် ရဖို့ဆိုတာ အင်မတန်ခက်ခဲလွန်းလှပါတယ်။ သူတကာပေးသမျှ ကမ်းသမျှ အသပြာငွေစလေးတွေကို လမ်းမှာ မကျမပျောက်အောင် လို့ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားတယ်။ အိမ်ပေါက်စေ့အရောက် သွားပြီး တောင်းရမ်းတယ်။

မွန်းတည့်ချိန်ရောက်လာတော့ နေကလည်း အင်မတန်မှ ပူပြင်းလွန်းလှတယ်။ ပုဏ္ဏားအိုကြီးရဲ့တစ်ကိုယ်လုံးမှာလည်း ချွေးတွေ ရွှဲနေတာပါပဲ။ အရွယ်ကလည်းကြီး၊ နေကလည်းပူလွန်း လှတော့ ပုဏ္ဏားအိုကြီးခမျာမှာ ခြေလှမ်းတွေ မမှန်တော့ဘူး။ ကတုန်ကယင်နဲ့ ဒယီးဒယိုင်ဖြစ်နေပြီ။ တောင်းရမ်းလို့ရတဲ့ အသပြာ ငွေစလေးတွေကို ရေတွက်ကြည့်လိုက်တော့ ခုနစ်ရာပဲ ရှိသေးတယ်

www.burmeseclassic.com

www.burmeseclassic.com



အသပြာ တစ်ထောင်ရဖို့ နောက်ထပ်သုံးရာလိုသေးတယ်။

လိုနေသေးတဲ့အသပြာသုံးရာရဖို့ နောက်တစ်ရွာကူးပြီး တောင်းရမ်းရဦးမယ်။ ဒါကြောင့် နောက်ထပ်တစ်ရွာရောက်အောင် လှမ်းလာခဲ့တယ်။ ရွာတစ်ရွာနဲ့တစ်ရွာကလည်း အတော်ကလေး အလှမ်းကွာတယ်။ ရွာချင်းက မနီးဘူး။ နောက်ထပ်ရွာရောက်အောင် သွားနေစဉ်မှာပဲ ခရီးကပြင်း နေကညှဉ်းလွန်းနေတော့ ပုဏ္ဏားကြီးရဲ့ ခြေလှမ်းတွေက လေးလံလာတယ်။ အရုပ်ကြိုးပြတ် မတ်တတ်ကနေ လဲလုလု ဖြစ်နေပြီ။

"သစ်ရိပ်အောက်မှာ ခဏနားဦးမှပဲ"

လမ်းဘေးက သစ်ပင်ကြီးတစ်ပင်ရဲ့အောက်ဝင်ပြီး နားတယ်။ ဗိုက်ကလည်း ဆာလောင်နေပြီ။ ပါလာတဲ့ သားရေအိတ်ထဲက မုန့်ဆုပ်တွေကို ယူပြီး စားလိုက်တယ်။ မုန့်ဆုပ်လေးတွေကို အတော်အသင့် စားလိုက်ရတော့မှပဲ ဝမ်းထဲက တကျုတ်ကျုတ်အသံတွေလည်း ငြိမ်သွားတယ်။ အားလည်းပြည့်လာတယ်။ ပုဏ္ဏားကြီးဆီမှာ မုန့်ဆုပ်ထည့်လာတဲ့ သားရေအိတ်ပဲ ပါလာတယ်။ သောက်ဖို့ ရေဗူးပါမလာဘူး။ မုန့်ဆုပ်စားနေရင်းက ရေသောက်ချင်လာပါရော။ အနီးအနားမှာရှိနေတဲ့ စမ်းချောင်းလေးဆီ ပြေးပြီး





ရေသောက်တော့တာပါပဲ။

"အလို ... မုန့်ဆုပ်နံ့ရနေပါရောလား။ မစားရတာ ကြာပြီဖြစ်တဲ့ မုန့်ဆုပ်ကို စားရကံကြုံရလေပြီ"

ပုဏ္ဏားကြီးနားနေတဲ့ သစ်ပင်ကြီးရဲ့သစ်ခေါင်းထဲမှာ မြွေဟောက်ကြီးတစ်ကောင်ရှိနေတယ်။ သစ်ခေါင်းထဲမှာရှိနေတဲ့ မြွေဟောက်ကြီးက မုန့်ဆုပ်နံ့ရလာတော့ သစ်ခေါင်းထဲက ထွက်လာတယ်။ မုန့်ဆုပ်ထည့်ထားတဲ့ သားရေအိတ်နားရောက်လာပြီ။

"ဟော့ဒီအိတ်ထဲမှာ မုန့်ဆုပ်ရှိနေတာ သေချာတယ်"

မြွေဟောက်ကြီးက သားရေအိတ်ကို နမ်းကြည့်ရင်းမှ သားရေအိတ်ထဲမှာ မုန့်ဆုပ်ရှိနေတယ်ဆိုတာ သိသွားတယ်။ ဒါ့ကြောင့် ချက်ချင်းသားရေအိတ်ထဲဝင်ပြီး သားရေအိတ်ထဲက မုန့်ဆုပ်တွေကို စားနေတော့တာပါပဲ။ မြွေဟောက်ကြီးက သားရေအိတ်ထဲဝင်ပြီး မုန့်ဆုပ်တွေကို စားနေတဲ့အချိန်မှာပဲ ရေသောက်သွားတဲ့ ပုဏ္ဏားကြီးလည်း ပြန်ရောက်လာတယ်။

"ဒီသစ်ပင်ကြီးအောက်မှာ အချိန်ကုန်နေလို့ မဖြစ်သေးပါဘူး။ နမတော်အချောအလှ ပုဏ္ဏေးမလေးက အသပြာ တစ်ထောင်ပြည့်အောင် ဆောင်ခဲ့ဖို့မှာလိုက်တယ်။ အသပြာ



www.burmeseclassic.com

www.burmeseclassic.com



[illegible]ပြည့်ဖို့က သုံးရာတောင် လိုနေသေးတယ်။ တောင်း[illegible]ဖို့ အချိန်မီအောင် နောက်ထပ်ရှာအရောက် သွားနိုင်မှုဖြစ်မယ်"

ပုဏ္ဏားအိုကြီးက မှန့်ဆုပ်ထည့်ထားတဲ့ သားရေအိတ်ကို ကမန်းကတန်းချည်လိုက်တယ်။ သားရေအိတ်ကို ပခုံးပေါ်တင်ပြီး သစ်ပင်ကြီးရဲ့အောက်က ထွက်ဖို့ ပြင်လိုက်တယ်။

"အို ... ပုဏ္ဏား၊ ယနေ့သင်သည် ခရီးအကြား၌ အိပ်ရသည်ဖြစ်အံ့။ သင်သေလတ္တံ့။ ခရီးကြမ်း၌ မအိပ်ဘဲ အိမ်သို့ ရောက်သည်ဖြစ်အံ့၊ သင့်မယား သေလတ္တံ့"

သစ်ပင်ကြီးမှာနေတဲ့ ရက္ခစိုးနတ်က ပုဏ္ဏားကြီးကို သတိပေးလိုက်တယ်။ ရက္ခစိုးနတ်ရဲ့စကားကို ပုဏ္ဏားကြီးကြားလိုက်ရတော့ သေရမယ့်ဘေးကို တွေးပြီး တုန်လှုပ်ကြောက်ရွံ့နေတယ်။

"လမ်းမှာ ငါမအိပ်ဘဲ အိမ်အရောက်ပြန်ရင် အိမ်ရောက်တာနဲ့ ငါ့မယားလေး သေမယ်။ ငါသေရင်ဆော၊ ငါမသေရင် ငါ့မယားလေး သေရမှာပါလား။ ငါနဲ့ ငါ့မယားလေး သေကွဲကွဲရတော့မယ်"

သေကွဲကွဲရမှာကို ကြောက်ပြီး ပုဏ္ဏားအိုကြီးက ငိုတော့တာပါပဲ။ ငိုရင်းနဲ့ လျှောက်လာလိုက်တာ ဗာရာဏသီမြို့တံခါးနား ရောက်လာပြီ။ အဲဒီနေ့က လပြည့်နေ့ပဲ။ ဗာရာဏသီမြို့သူမြို့သား





တွေက ဘုရားလောင်းသေနကပုဏ္ဏားထံမှာ ဥပုသ်သီတင်းဆောက်တည်ရင်း တရားနာယူကြဖို့ သွားလာနေကြတာ ပျားပန်းခပ်နေသလိုပဲ။ ကြည်ကြည်လင်လင် ရွှင်ရွှင်မြူးမြူး ကြည်ကြည်နူးနူး ဝမ်းပန်းတသာ သွားလာနေကြတဲ့ ဗာရာဏသီမြို့သူမြို့သားတွေကို ပုဏ္ဏားအိုကြီးမြင်နေရတယ်။

"အဆွေတော်တို့၊ ဘယ်အမှုကိုပြုဖို့ အဘယ်ကို သွားနေကြတာလဲ"

ပုဏ္ဏားအိုကြီးက ဗာရာဏသီမြို့သားတစ်ဦးရဲ့ အနားကပ်သွားပြီး မေးကြည့်လိုက်တယ်။

"လောဘ၊ ဒေါသ၊ မောဟ၊ သောကတွေကို ငြိမ်းသတ်ပေးနေတဲ့ ပညာရှိအမတ်ကြီးသေနက ဟောကြားမယ့်တရားကို နာယူဖို့ သွားနေကြခြင်းပဲဖြစ်ပါတယ် အဆွေပုဏ္ဏားကြီး"

ဗာရာဏသီမြို့သားရဲ့စကားကို ကြားလိုက်ရတော့ ပုဏ္ဏားကြီးရင်ထဲက သောကအပူသက်သာရာ ရသွားတယ်။

"ငါခံစားနေရတဲ့ သောကအပူကို ပညာရှိအမတ်ကြီးသေနကကကုစားပေးနိုင်တန်ကောင်းရဲ့"

ပုဏ္ဏားအိုကြီးက အသိဝင်လာတာနဲ့ ချက်ချင်းပဲ ညောင်



www.burmeseclassic.com

www.burmeseclassic.com



အမတ်ကြီးသေနကတရားဟောတဲ့ နေရာဆီရောက်အောင် လှမ်းလာခဲ့တာပဲ။ မျက်ရည်စက်လက်နဲ့ ဝင်လာတဲ့ ပုဏ္ဏားအိုကြီးကို ပညာရှိအမတ်ကြီးသေနက ကတွေ့မြင်နေရပြီ။

"အဘယ်မူ အဘယ်အရေးနဲ့ ပူဆွေးသောကဖြစ်လာရတာလဲ ပုဏ္ဏားကြီး၊ ကျွန်ုပ်အား မခြွင်းမချန် ပြောပြစမ်းပါဦး"

ပညာရှိသေနက အမတ်ကြီးက အမေးတော်စလိုက်တယ်။

"ကျွန်ုပ်ရဲ့ အပူကို ကူညီငြိမ်းသတ်ပေးတော်မူပါ"

ပုဏ္ဏားကြီးက စကားအစဆိုပြီး ရက္ခစိုးနတ်မင်းပြောလိုက်တာကို မခြွင်းမချန်ဘဲ ပြောပြလိုက်ပါတော့တယ်။

"သြော် ... ဒီလိုလား။ ဒါဆိုရင် အသင်ပုဏ္ဏားကြီးရဲ့ ကျောကုန်းပေါ်က အထုပ်ထဲမှာ ဘာတွေထည့်လာခဲ့သလဲ"

"မုန့်ဆုပ်တွေကို ထည့်လာခဲ့တာပါ"

"မုန့်ဆုပ်ထည့်လာတဲ့အိတ်ကို ဖြည်ပြီးတော့ စားခဲ့သေးလား"

"စားခဲ့ပါသေးတယ်"

"ဘယ်မှာစားခဲ့တာလဲ"

"သစ်ပင်ကြီးတစ်ပင်ရဲ့အောက်မှာ အိတ်ကို ဖြည်ပြီး





အထဲက မုန့်ဆုပ်တွေကို ယူစားပါတယ်။ စားပြီးတာနဲ့ မနီးမဝေးမှာရှိနေတဲ့ စမ်းချောင်းလေးဆီ သွားပြီးရေသောက်ပါတယ်"

"ရေသောက်သွားတော့ အဲဒီအိတ်ကို ပြန်ပြီးချည်ခဲ့ရဲ့လား"

"အိတ်ကိုတော့ ပြန်ပြီး မချည်ခဲ့မိပါဘူး။ ဖွင့်ပြီးထားခဲ့မိပါတယ်"

"ရေသောက်ပြီးပြန်လာတာနဲ့ အိတ်ကို ကမန်းကတန်းချည်ပြီး ထွက်လာခဲ့ပါတယ်"

ပညာရှိအမတ်ကြီးက ပုဏ္ဏားအိုကြီးပြောပြတာတွေကို နားထောင်နေရင်း စဉ်းစားတယ်။

"ပုဏ္ဏားကြီး ရေသောက်သွားတဲ့အခိုက်မှာ သစ်ပင်မှာရှိနေတဲ့ မြွေဆိုးတစ်ကောင် ဝင်ပြီးခွေနေတာ ဖြစ်ရမယ်"

ပညာရှိအမတ်ကြီးက စဉ်းစားနေရင်းမှာပဲ အတွေးစပေါ်လာတယ်။

"ကဲ ... ပုဏ္ဏားကြီး၊ အသင်ထမ်းပိုးလာခဲ့တဲ့ သားရေအိတ်ထဲမှာ အဆိပ်ပြင်းတဲ့ သတ္တဝါရှိနေလိမ့်မယ်။ ရှိမရှိသိရအောင် အသင့်ရဲ့အိတ်ကို ဖြည်ကြည့်လိုက်ပေတော့။ သတိထားပြီးတော့



www.burmeseclassic.com

www.burmeseclassic.com



ပြည့်လိုက်ပါ''

အထိတ်တလန့်ဖြစ်နေတဲ့ ပုဏ္ဏားကြီးက ဂရုထားပြီး အိတ်ကိုပြည့်လိုက်တယ်။ ဖြည်လိုက်တာနဲ့ အိတ်အတွင်းမှာရှိနေတဲ့ မြွေတောက်ကြီးက ပါးပျဉ်းထောင်ပြီး ထွက်လာပါလေရော။ ဆေးအိမှာရှိနေတဲ့ လူတွေက ခြောက်လှန့်မောင်းထုတ်လိုက်ကြတာပေါ့။

''အသင်ရေသောက်သွားနေတုန်းမှာ မြွေဟောက်က မုန့်ဆုပ်နံ့ရတာနဲ့ မုန့်ဆုပ်ရှိတဲ့ အိတ်ထဲမှာ ဝင်နေတယ်။ မြွေဟောက်ဝင်နေတာကို အသင်က သတိမထားဘဲ အိတ်ကို ကပျာကယာချည်ပြီး ကျောပိုးလာခဲ့တယ်။ အဲဒါကို ရုက္ခစိုးက မြင်ပြီး အသင့်ကို သတိပေးလိုက်တာပါပဲ။ အသင်ဟာ ကျွန်ုပ်နဲ့ မတွေ့ဘဲ ခရီးဆက်သွားနေရင်း လမ်းမှာညအိပ်ရရင် ဆာလာတဲ့အခါ အိတ်ကိုပြည်ပြီး မုန့်ဆုပ်ကိုနှိုက်စားမယ်။ အထဲမှာရှိနေတဲ့ မြွေဟောက်က သင့်ကိုကိုက်မယ်။ သင်သေမယ်။ လမ်းမှာ ညမအိပ်ဘဲ အိမ်ပြန်ရင် အိမ်ရောက်တာနဲ့ သင့်ဇနီး ပုဏ္ဏေးမက အိတ်ကိုပြည်ပြီး အိတ်ထဲမှာ ပါလာတာတွေကို နှိုက်ယူမယ်။ အိတ်ထဲမှာရှိနေတဲ့ မြွေဟောက်က ကိုက်မယ်။ ပုဏ္ဏေးမသေမယ်။ ခုတော့ သင်ကော သင့်ဇနီးပါသေ





မယ့်ဘေးက လွတ်ပြီ''

ပညာရှိအမတ်ကြီးက ရှင်းပြလိုက်တော့မှပဲ ပုဏ္ဏားကြီးလည်း စိတ်ကြည်ရွှင်လန်းဝမ်းမြောက်လာရတော့တယ်။ ပညာရှိသေနကအမတ်ကြီးက ပုဏ္ဏားကြီးနှင့်သူ့ဇနီးပုဏ္ဏေးမတို့ရဲ့ သေမယ့်ဘေးကို ကယ်မပေးလိုက်တာပါပဲ။ ပညာရှိသေနကအမတ်ကြီးနဲ့သာမတွေ့ရင် ပုဏ္ဏားကြီးသေရင်သေ၊ ပုဏ္ဏားကြီးမသေရင် သူ့ဇနီးပုဏ္ဏေးမ သေမှာမလွဲပါဘူး။

ဒီပုံပြင်လေးက ပညာရှိသူထံ ဆည်းကပ်မှီခိုရင် ကောင်းကျိုးချမ်းသာခံစားစံစားရတယ်ဆိုတာကို ပြောပြနေတာပဲ မဟုတ်ပါလားကွယ် .....။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

# ပညာကျွမ်းမြောက် ဂုဏ်ရှိန်တောက်

ဟိုး...ရှေးအခါတုန်းကဆွံ့အနေတဲ့ လူငယ်လေးတစ်ယောက် ရှိသတဲ့။ ဆွံ့အနေတဲ့သူဆိုသော စကားမပြောနိုင်ဘူးပေါ့ကွယ်။

စကားမပြောနိုင်ပေမယ့် သူ့ခြေနဲ့လက်တွေကတော့ သန်သန်မာမာပါပဲ။ သူ့ကို ပညာသင်ပေးဖို့ ဒိသာပါမောက္ခ ဆရာကြီးထံ အပ်နှံလိုက်သတဲ့။ ဒိသာပါမောက္ခဆရာကြီးက အမြော်အမြင် ဆင်ခြင်တုံတရားနဲ့ ပြည့်စုံတဲ့ပညာရှိကြီး [illegible] လား။ ဆရာကြီးက ရောက်လာတဲ့တပည့်အပေါင်းတွေကို လေ့လာအကဲခတ်ပြီး ဘုန်းကြီးတစ်ဦးချင်းစီနဲ့ သင့်တော်မယ့်



အတတ်ပညာကို သင်ပေးနေတယ်။

ဆရာကြီးထံ ရောက်လာတဲ့ မောင်ဆွံ့အလေးကိုလည်း သူနဲ့သင့်တော်မယ့် အတတ်ပညာကို သင်ပေးပါတယ်။ မောင်ဆွံ့အလေးကို ဆရာကြီးသင်ပေးလိုက်တဲ့ အတတ်ပညာကတော့ သူတတာထက် ထူးဆန်းတယ်။ ကျောက်ရေကျောက်ခဲလုံးသေးသေးလေးတွေနဲ့ သစ်ရွက်တွေကိုပစ်ဖောက်ပြီး အရုပ်ရေးဆွဲတဲ့ အတတ်ပညာပါပဲ။ အဲဒီအတတ်ပညာကို မောင်ဆွံ့အလေးက ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်လာခဲ့တယ်။ သစ်ရွက်တွေကို ကျောက်စရစ်ခဲ သေးသေးလေးနဲ့ပစ်ပေါက်လိုက်တော့ အပေါက်ကလေးတွေ ဖြစ်လာတယ်။ အဲဒီ အပေါက်ကလေးတွေက ပန်းချီဆရာရေးတဲ့ အရုပ်ကလေးတွေလိုပဲပေါ့ကွယ်။

"မောင်ဆွံ့လေးရေ...တို့ကို မြင်းရုပ်ကလေး လုပ်ပေးပါဦး"

အချင်းချင်းက တောင်းဆိုလာတယ်။ မောင်ဆွံ့အလေကလည်း မငြင်းဘူး။ သူ့ဆီမှာ အဆင်သင့်ရှိနေတဲ့ ကျောက်စရစ်လေးတွေနဲ့ သစ်ရွက်တစ်ရွက်ကို ပစ်ပေါက်ပြီး မြင်းရုပ်ကလေး တစ်ရုပ်ဖြစ်အောင် လုပ်ပြလိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



“မောင်ဆွဲ့အလေးရဲ့ မြင်းရုပ်ကလေးက ပိပိပြင်ပြင်ရှိလိုက်တာတော့။ တတယ်တော်တဲ့ မောင်ဆွဲ့အလေးပဲ”

သူငယ်ချင်းတွေက ဝိုင်းပြီး ချီးကျူးကြတယ်။ ပိုက်ဆံလေးတွေ စုပြီး မောင်ဆွဲ့အလေးကို ပေးကြတယ်။ သူငယ်ချင်းတွေက ချီးကျူးကြတော့ မောင်ဆွဲ့အလေးပျော်တယ်။ သူငယ်ချင်းတွေကပိုက်ဆံစုပြီးပေးကြတော့ မောင်ဆွဲ့အလေးဝမ်းသာသွားတယ်။

မောင်ဆွဲ့အလေးကလည်း သူငယ်ချင်းတွေ ခိုင်းသမျှ အရုပ်တွေကို ရေးပြပေးနေတာပဲ။ ဒီတော့ မောင်ဆွဲ့အလေးနေတဲ့ရွာထိပ်က ညောင်ပင်ကြီးရဲ့အရွက်တွေမှာ ဆင်ရုပ်တွေ၊ မြင်းရုပ်တွေ၊ ကျားရုပ်တွေ၊ ခြင်္သေ့ရုပ်တွေ၊ ငှက်ရုပ်တွေနဲ့ အရုပ်မျိုးစုံ စုံနေတော့တာပါပဲ။

တစ်နေ့မှာတော့ နိုင်ငံ့သခင် ဘဝရှင်မင်းတရားကြီးက တိုင်းခန်းလှည့်လည်တော်မူလာတယ်။ မောင်ဆွဲ့အတို့နေတဲ့ ရွာနားကိုရောက်လာပြီ။ ရွာအဝင်ကညောင်ညိုပင်ကြီးအောက်မှာ ခရီးတစ်ထောက်နားတော်မူတယ်။ ညောင်ပင်အောက်မှာဝင်ရောက်နားခိုနေတဲ့ ဘဝရှင်မင်းတရားကြီးက ညောင်ပင်ပေါ်ကို





မော့ကြည့်လိုက်တယ်။

“အလို ... ထူးထူးဆန်းဆန်း အံ့ဘနန်းပါလား အမတ်ကြီးတို့။ ညောင်ပင်ကြီးရဲ့ ညောင်ရွက်တွေမှာ ပန်းချီဆေးနဲ့ ရေးဆွဲထားသလိုပဲ အရုပ်တွေက စုံလင်လှပါပေရဲ့။ ဖြစ်ကြောင်းကုန်စင်အစုံအလင်ကို ငါ့အရှင်ဘုရင်မင်းမြတ် သိလိုတော်မူလှပေတယ်။ ကြောင်းချင်းရာမှန် မခြွင်းချန်ဘဲ သံတော်ဦးတင်ကြပေတော့ အမတ်မင်းတို့”

ညောင်ပင်ပေါ်က ညောင်ရွက်တွေမှာ အရုပ်မျိုးစုံကို ရှုမြင်နေရတဲ့ ဘုရင်မင်းတရားကြီးက မိန့်ကြားတော်မူတော့တယ်။ ဘုရင်ကြီးရဲ့အမေးတော်ကို အမတ်ကြီးတွေမှာ ရုတ်တရက်အဖြေ မပေးနိုင်ကြပါဘူး။ ရွာထဲဝင်ပြီး လှည့်လည်စုံစမ်းမေးမြန်းလိုက်တော့မှာပဲ အကြောင်းစုံလင်ကို ကုန်စင်အောင်သိကြရပါတယ်။ သိလျှင်သိချင်း ဘုရင်မင်းမြတ်ထံဝင်ပြီး သံတော်ဦးတင်ကြတော့တာပါပဲ။

“မှန်လှပါအရှင်မင်းတရားကြီးဘုရား။ ညောင်ပင်ပေါ်က ညောင်ရွက်တွေပေါ်မှာ အရုပ်မျိုးစုံကို ရှုမြင်နေရတာကတော့ ဟောဒီ ရွာမှာရှိနေတဲ့ သူမောင်ဆွဲ့အလေးက ကျောက်ရုပ်ခဲသုံး



www.burmeseclassic.com

www.burmeseclassic.com



သေးသေးလေးတွေနဲ့ ပစ်ဖောက်ပြီး အရုပ်ရေးထားခြင်းသာ ဖြစ်ကြောင်းပါဘုရား"

အမတ်ကြီးများက ရွာထဲမှာကြားသိလာခဲ့ရတဲ့ သတင်းစကားကို လျှောက်ထားတင်ပြကြတယ်။

"အဲဒီ မောင်ဆွံ့အဆိုတဲ့ သူငယ်ကို ငါ့ဘုရင်မင်းမြတ် ရှုစားတော်မူလိုလှပေတယ်။ ငါ့ရှေ့တော်မှောက် အရောက်ခေါ်ယူခဲ့ကြစေများ"

ဘုရင်မင်းတရားကြီးစေခိုင်းတဲ့အတိုင်း မောင်ဆွံ့အလေးကို ရှာဖွေပြီး ခေါ်ယူလာခဲ့ကြတယ်။ ဘုရင်မင်းတရားကြီးရဲ့ ရှေ့တော်မှောက်မှာ မောင်ဆွံ့အလေး ခစားရောက်နေပြီ။

"ဟဲ့ ... သူငယ်၊ ဟောဒီ ညောင်ရွက်ပေါ်မှာရှိနေတဲ့ အရုပ်ကလေးတွေက မောင်မင်းရဲ့လက်ရာဆိုတာ အမှန်ပဲလား"

မောင်ဆွံ့အလေးက စကားမပြောနိုင်ပေမယ့် သူတစ်ပါးပြောတဲ့စကားကိုတော့ ကြားလည်းကြားတယ်၊ နားလည်းလည်တယ်။ ဒါကြောင့် ဘုရင်မင်းတရားကြီးရဲ့ အမေးတော်ကို လက်အုပ်ကလေးချီထားရင်းက ခေါင်းညိတ်ပြလိုက်တယ်။

"ကိုင်း ... ဒါဆိုရင် မောင်မင်းကို ငါကိုယ်တော်မြတ်



စေခိုင်းတော်မူမယ်။ ဟောဟို ညောင်ရွက်ပေါ်မှာ ငါ့ဘုရင်မင်းမြတ်ရဲ့ ပုံတူပေါ်အောင် လုပ်ပြစမ်းပါ"

ဘုရင်မင်းတရားကြီးက ညောင်ရွက်ပေါ်မှာ သူ့ပုံတူဖြစ်အောင် လုပ်ပေးဖို့စေခိုင်းတော်မူတယ်။ မောင်ဆွံ့အလေးက လက်အုပ်ကလေးချီပြီး ခေါင်းညိတ်ပြလိုက်တယ်။ ချက်ချင်းပဲ သူ့ခါးပုံစထဲက ကျောက်စရစ်ခဲလေးတွေကို ထုတ်ပြီး ဘုရင်မင်းတရားကြီးပြတဲ့ ညောင်ရွက်ကို ပစ်ပေါက်နေပါတော့တယ်။ မောင်ဆွံ့အက ကျောက်စရစ်ခဲလုံးသေးသေးတွေနဲ့ ပစ်ပေါက်လိုက်တိုင်း ညောင်ရွက်ပေါ်မှာ အပေါက်ကလေးတွေ ဖြစ်သွားတယ်။ မကြာခင်မှာပဲ ညောင်ရွက်ပေါ်မှာ ဘုရင်မင်းတရားကြီးရဲ့ပုံတူ ပေါ်လာတော့တာပါပဲ။ ညောင်ရွက်ပေါ်မှာ ပေါ်လာတဲ့ ပုံတူကို ကြည့်ပြီး ဘုရင်မင်းတရားကြီးက ကျေနပ်အားရ သဘောတော်ကျနေတယ်။ မောင်ဆွံ့အလေးကို မချီးမွမ်းဘဲ မနေနိုင်တော့ဘူး။

"ထူးဆန်းအံ့လောက် လက်ရာမြောက်လှတော်မူပေတယ်။ မောင်မင်းရဲ့ပညာစွမ်းကို ဂုဏ်ပြုချီးမြှောက်ရပေတော့မယ်"

ဘုရင်မင်းတရားကြီးက ဆုတော်ငွေအမြောက်အများကို မောင်ဆွံ့အလေးရဲ့ လက်ထဲထည့်ပေးလိုက်တော်မူတယ်။ ဘုရင်

www.burmeseclassic.com

www.burmeseclassic.com



မင်းတရားကြီးက ဆုတော်ငွေတွေပေးပြီး ချီးမြှင့်ရုံနဲ့ အားမရနိုင်သေးဘူး။

"အမတ်ကြီးတို့ ... ဒီသူငယ်ရဲ့ ပညာအစွမ်းလက်ရာဆန်းက အများနဲ့မတူ တစ်မူထူးခြားလှပါပေတယ်။ သူ့ရဲ့ပညာအစွမ်းကို ရှုမြင်တော်မူရတာနဲ့ ငါကိုယ်တော်မြတ်မှာ ဘဝင်ရွှင်မြူးကြည်နူးတော်မူလှတယ်။ ငါကိုယ်တော်မြတ်ရဲ့ စိတ်တော်ညစ်ညူးတဲ့အခါမှာ ရွှေစိတ်တော်ရွှင်လန်းစေဖို့အတွက် ဒီသူငယ်ကို ပျော်တော်ဆက်ခိုင်းရပေမယ်။ ဒါကြောင့် ဒီသူငယ်ကို ငါကိုယ်တော်မြတ်အတွက် ပျော်တော်ဆက်ရာထူးကို ပေးပြီး နန်းထဲသို့ ခေါ်ဆောင်ခဲ့ကြစေဗျား"

ဘုရင်မင်းတရားကြီးက မောင်ဆွံ့အလေးရဲ့ ပညာအစွမ်းလက်ရာဆန်းများကို ဘဝင်တော်ခိုက် နှစ်မြို့က်တော်မူလွန်းတာကြောင့် ပျော်တော်ဆက်ရာထူးပေးပြီး ရွှေနန်းတော်ထဲ ခေါ်ဆောင်သွားပါတော့တယ်။ ဆွံ့အနေတဲ့ မောင်ဆွံ့အလေးကတော့ ကျောက်စရစ်ခဲလေးတွေနဲ့ သစ်ရွက်တွေကိုပစ်ဖောက်ပြီး အရုပ်ကလေးတွေ ပုံပေါ်အောင် ဖော်ဆောင်ပေးနိုင်တဲ့ ပညာနဲ့ပဲ ဘုရင်မင်းတရားကြီးက သူ့ကောင်းပြုတာကို ခံစားရတော့တာပါပဲ။ ဆွံ့အ





နေတဲ့မောင်ဆွံ့အလေးက ဘုရင်မင်းတရားကြီးအတွက် ပျော်တော်ဆက် ဖြစ်သွားရပါသတဲ့ကွယ်။

ဘယ်လိုပညာရပ်မဆို ကျွမ်းကျင်အောင် တတ်မြောက်ရင် အသက်မွေးဝမ်းကြောင်း ပြုနိုင်ရုံမကဘဲ ဘုရင်မင်းတရားကြီးက ချီးမြှင့်မြှောက်စားတဲ့အထိ သူ့ကောင်းပြုခံရတယ်ဆိုတာကို အသိပေးနေတဲ့ ပုံပြင်လေးပါပဲကွယ် ...။

♠ ♠ ♠



www.burmeseclassic.com

www.burmeseclassic.com

# ရှက်ကြောက်မှုကင်း ဆုံးရှုံးခြင်း

ဟိုး ... ရှေးအခါတုန်းကပေါ့ကွယ်။

တောအုပ်ကြီးတစ်ခုရဲ့အလယ်မှာ ရေကန်ကြီးတစ်ကန် ရှိတယ်။ အဲဒီ ရေကန်ကြီးရဲ့ မနီးမဝေးမှာ ဟင်္သာငှက်တွေ နေကြတယ်။ ဟင်္သာအပေါင်းတို့ကို အကြီးအမှူးခေါင်းဆောင် လုပ်နေရတဲ့ ဟင်္သာမင်းမှာ သမီးဟင်္သာပျိုမလေးရှိတယ်။ ဟင်္သာမင်း ရဲ့ သမီးဖြစ်သူ ဟင်္သာပျိုမလေးက အရွယ်ရောက်လာနေပြီ။ အရွယ်ရောက်လာတဲ့ ဟင်္သာပျိုမလေးက အင်မတန်မှ ချောတယ်၊ လှတယ်။ ရွှေဟင်္သာမလေးလို့ နာမည်ကြီးလာတယ်။





"ချစ်သမီးငယ်၊ အရွယ်ရောက်လို့လာပြီ။ သမီးငယ် မြတ်နိုး နှစ်သက်စုံမက်တဲ့သူနဲ့ ဘဝအတွက် ကြင်ဖက်ရွေးဖို့ အချိန်ပေပဲ။ ဒီတော့ သမီးငယ်မြတ်နိုးနှစ်သက်စုံမက်တဲ့သူနဲ့ သမီးငယ်ကို လက်ဆက်ထိမ်းမြားခွင့်ပြုမယ်။ သမီးငယ်အတွက် သမီးငယ်နှစ်သက် တဲ့ ကြင်ဖက်ကို ရွေးပေတော့"

ဖခင်ဖြစ်တဲ့ ဟင်္သာမင်းကြီးက သမီးကညာအခါမလင့်စေရ ဘူးလေ။ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ရမယ် မဟုတ်လား။ ဒါကြောင့် သမီးငယ်ကို ကြင်ဖက်ရွေးဖို့ အခွင့်ပေးလိုက်တယ်။

ဖခင်ကြီးက ကြင်ဖက်ရွေးဖို့ အခွင့်ပေးလိုက်တော့ သမီးဖြစ်သူ ရွှေဟင်္သာမလေး အင်မတန်ဝမ်းသာနေတယ်။ ဘဝအတွက် ကြင်ဖက်ချစ်တဲ့သူနဲ့ ရွှေလည်တွဲလို့ နှဲပျော်ရမယ့်အရေး တွေးပြီး တော့လည်း ပျော်မြူးသွားတယ်။ ခက်တာက အရွယ်ရောက်လို့ လာပေမယ့် သူ့အတွက် ကြင်ဖက်ချစ်သူက မရှိသေးဘူး။ ကြင်ဖက် ရွေးဖို့အတွက် သူ့မှာ ခက်နေတယ်။

"ငါနဲ့ ဘဝတစ်သက်လုံး လည်ချင်းယှက်လို့ ပျော်ပွဲဝင်ရ မယ့် ကြင်ဖက်ချစ်သက်လျာအဖြစ် ဘယ်သူ့ကို ရွေးရပါ့မလဲ"

ရွှေဟင်္သာမလေးက စဉ်းစားတယ်။ စဉ်းစားလို့မရဘူး။



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားရခက်လိုက်တာနော်။ ဘယ်သူ့ကို ရွေးရမှန်းလည်း မသိဘူး"

တစ်သက်လုံးနေရမယ့်အရေးမဟုတ်လား။ စဉ်းစားမှ တန်ကာကျမယ်။ ရွှေလည်တွဲလို့ နွဲ့ပြီးကာမှ ခွဲထွက်သွားပြန်ရင်လည်း မျက်နှာငယ်ငယ် မျက်ရည်စက်လက်နဲ့ ကျန်ခဲ့ရမယ့် အဖြစ်ဆိုးကို တွေးပြီး စိုးရိမ်နေတယ်။

"ဘာကို ရွေးမှာမို့ စဉ်းစားရတာ ခက်နေတာလဲ"

ရွှေဟင်္သာမလေးရဲ့ ရုတ်တရက်ညည်းတွားလိုက်တဲ့အသံကို ရွှေဟင်္သာမလေးရဲ့ ကိုယ်ရံတော်အဖော်ဖြစ်သူ ဟင်္သာပျိုမလေးက ကြားလိုက်ရတော့ မေးလာတာပေါ့။

"ငါ့ကို ငါ့ချစ်သူနဲ့ လက်ဆက်ဖို့အရေး ဖခင်ဟင်္သာမင်းကြီးက အခွင့်ပေးထားတယ်။ ငါ့မှာ ခုအချိန်ထိ ချစ်တဲ့သူဆိုတာက မရှိသေးဘူး။ တစ်သက်လုံးကြင်ဖက်အဖြစ်ဘယ်သူ့ကို ရွေးရမလဲလို့ စဉ်းစားနေတာ။ ဘယ်သူ့ကိုရွေးမလဲဆိုတာ စဉ်းစားမရလို့ စိတ်ပျက်နေတာ"

ရွှေဟင်္သာမလေးက ရှင်းပြလိုက်တယ်။

"ဒီကိစ္စက လွယ်လွယ်လေးပါ ရွှေမင်းသမီးလေးရယ်။ ဒီကိစ္စအတွက် ခေါင်းရှုပ်ခံပြီး စဉ်းစားမနေပါနဲ့၊ ရွှေမင်းသမီးလေးရဲ့ ဖခင်ကြီးအမိန့်နဲ့ ဟောဒီတောထဲမှာ ငှက်လုလင်ပျိုအပေါင်းကို စုဝေးခေါ်ယူလိုက်ပေါ့။ ရောက်လာတဲ့ ငှက်အပေါင်းထဲက သခင်မ နှစ်သက်မြတ်နိုးတဲ့သူကို ရွေးယူလိုက်ရင် ဒီကိစ္စ ပြီးသွားမှာပဲ"

ကိုယ်ရံတော်ဟင်္သာပျိုမလေးပေးတဲ့ အကြံကို ရွှေဟင်္သာမလေး သဘောကျသွားတယ်။ အချိန်ဆိုင်းမနေတော့ပါဘူး။ ရွှေဟင်္သာမလေးက ဖခင်ဖြစ်သူ ဟင်္သာမင်းကြီးထံသွားပြီး အကျိုးအကြောင်းကို တင်ပြလျှောက်ထားတော့တာပါပဲ။

ဟင်္သာမင်းကြီးကလည်း သမီးငယ်ဆိုသမျှ အလိုကျဖြစ်အောင် ဆောင်ရွက်တော်မူတော့တာပါပဲ။ ဟင်္သာစစ်သူကြီးကို ခေါ်လိုက်ပြီး တောထဲမှာရှိနေကြတဲ့ ငှက်လုလင်ပျိုအပေါင်းကို ခေါ်ယူစုဝေးစေဖို့ တာဝန်ပေးအပ်လိုက်ပါတယ်။

"ဤတောအတွင်းမှာ မှီတင်းနေထိုင်ကြကုန်သော ငှက်လုလင်အပေါင်းတို့ ... ငါတို့ အရှင်ဟင်္သာမင်းကြီးက သမီးတော် ရွှေဟင်္သာမင်းသမီးလေးအတွက် ကြင်ဖက်ရွေးတော်မူမယ်။ ရွှေဟင်္သာမင်းသမီးလေးနဲ့ ကြင်ဖက်ဖြစ်လိုသူ မည်သူမဆို လာရောက်အရွေးခံနိုင်တယ်။ ယှဉ်ပြိုင်အရွေးခံလိုသူ အားလုံး







www.burmeseclassic.com

www.burmeseclassic.com



ရေကန်ကြီးအနီးက ကျောက်ဖျာပေါ်သို့ ယခုချက်ချင်းလာရောက် ယှဉ်ပြိုင်အရွေးခံကြစေ ...”

ဟင်္သာမင်းရဲ့ စစ်သူကြီးက တောအတွင်း လှည့်လည်ပြီး ကြေညာလိုက်တယ်။ ရွှေဟင်္သာမင်းသမီးလေးရဲ့ ချောတယ်၊ လှတယ်ဆိုတဲ့သတင်းက တောအတွင်းမှာ ပြန့်နေပြီးသား။ ရွှေဟင်္သာမင်းသမီးလေးကို လိုချင်ကြပေမယ့် ဖခင်ဖြစ်တဲ့ ဟင်္သာမင်းကို ကြောက်ရွံ့နေရတော့ ချစ်ခွင့်ပန်ဖို့ဝေးလို့ အနားတောင် မကပ်ရဲကြရှာဘူး။ ကြေညာသံလည်း ကြားလိုက်ရရော ရွှေဟင်္သာမင်းသမီးလေးကို တိတ်တခိုးမြတ်နိုးစုံမက်နေကြရတဲ့ ငှက်လုလင်ပျိုတွေ သူ့ထက်ငါဦးအောင် အပြေးလာကြတော့တာပါပဲ။ ရေကန်အနီးက ကျောက်ဖျာကြီးပေါ်မှာ တောအတွင်းက ငှက်လုလင်ပျို အပေါင်းတို့ ရောက်ရှိနေကြပြီ။

“သခင်မလေးဘုရား၊ ငှက်လုလင်ပျိုအပေါင်းစုံလင်စွာ ရောက်ရှိနေကြပါပြီ။ သခင်မလေးစိတ်တိုင်းကျ ရွေးချယ်တော်မူပါလော့”

ဟင်္သာစစ်သူကြီးက ဟင်္သာမင်းသမီးလေးကို အကြောင်းကြားလိုက်တယ်။ ရွှေဟင်္သာမင်းသမီးလေးကလည်း ဖခင်ရွှေဟင်္သာ





မင်းကြီးနဲ့အတူ ငှက်လုလင်ပျိုအပေါင်း စုဝေးရောက်ရှိနေတဲ့ နေရာကို ရောက်လာတယ်။

“သမီးငယ်အလိုကျ နှစ်သက်ရာကို ရွေးပေတော့”

ဖခင်ဟင်္သာမင်းကြီးက သမီးငယ်ရွှေဟင်္သာမင်းသမီးလေး သဘောကျတဲ့သူကို အရွေးခိုင်းလိုက်တယ်။ ရွှေဟင်္သာမင်းသမီးလေး က ငှက်လုလင်ပျိုအပေါင်းကို စူးစူးစိုက်စိုက် ကြည့်နေပြီ။

ယှဉ်ပြိုင်ရွေးချယ်ဖို့ ရောက်ရှိလာကြတဲ့ ငှက်လုလင်ပျို အပေါင်းကလည်း ငါ့ကိုရွေးမလား၊ သူ့ကို ရွေးမလားဆိုပြီး စောင့်မျှော်နေကြတယ်။ ငှက်လုလင်ပျိုအားလုံးရဲ့ ရင်ထဲမှာ တဒိတ်ဒိတ်ခုန်နေကြပြီ။ ဒီလိုဖြစ်နေကြတုန်းမှာ ရွှေဟင်္သာမင်းသမီး ရဲ့ မျက်လုံးအစုံက ငှက်လုလင်ပျိုတစ်ကောင်ကိုပဲ စူးစိုက်ပြီး ကြည့်နေတယ်။ ရွှေဟင်္သာမင်းသမီးလေး အကြည့်ခံနေရတဲ့ ငှက်လုလင်ပျိုလေးကတော့ ရွှေဥဒေါင်းလုလင်ပျိုလေးပါပဲ။

ကြင်ဖက်ရွေးတဲ့ပွဲမှာ ငှက်အပေါင်းထဲက ရွှေဥဒေါင်းပျို လေးကို ရွေးလိုက်ပါတယ်။ ကြင်ဖက်အရွေးခံလိုက်ရတဲ့ ရွှေဥဒေါင်း ငှက်လုလင်ပျိုလေးက ဝမ်းသာအားရထတဲ့ပြီး က[illegible] အမြီးကိုမြှောက်၊ တောင်ပံလေးကိုဖြန့်၊ လည်ကလေးကို[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကနေလိုက်တာ အင်မတန်မှ လှလည်းလှ ကြည့်လို့လည်းကောင်း လှပါရဲ့။ ဒါပေမယ့် အပျော်လွန်ပြီး သတိလက်လွတ်နေတော့ အမြီးလေးကို တအားမြှောက်မြှောက်ပြီး ကနေတယ်။ သူ့မှာရှိနေတဲ့ အရှက်ကို ဖုံးအုပ်ထားဖို့ သတိမရတော့ဘူး။ အမြီးကို မြှောက်မြှောက်ပြီး ကလေတိုင်း သူ့ရဲ့အရှက်က အထင်းသားကြီး ပေါ်နေတယ်။

"အလို ... ရှက်စရာကြီး"

သူ့ရဲ့ ကြင်ဖက်ရမယ့် ရွှေဥဒေါင်းပျိုလေး ကနေတာကို ကြည့်နေတဲ့ ရွှေဟင်္သာမင်းသမီးလေးခမျာမှာ မျက်စိရှက်လွန်းလို့ ခေါင်းမဖော်ရဲတော့ဘူး။

"ရှက် ... တယ်။ ရှက် ... တယ်။ အရှက်မရှိတဲ့ အင်းကို လင်မတော်ရဲတော့ဘူး"

ရွှေဟင်္သာမင်းသမီးလေးက တတွတ်တွတ်ပြောနေရင်းမှာပဲ ထတဲ့ပြီး ပြန်ပြေးပါလေရော။

"အလို ... သိက္ခာမဲ့ အရှက်မဲ့တဲ့ ဥဒေါင်းမျိုးပါလား။ မိမိရဲ့ အရှက်ကိုတောင် လုံအောင်မထိန်းနိုင်တဲ့သူက ငါ့သမီးတော်လေးရဲ့ ဘဝတစ်သက်တာလုံး လုံခြုံအောင် ထိန်းသိမ်းစောင့်





ရှောက်နိုင်မှာ မဟုတ်ပေဘူး။ ဒီတော့ အင်းလို အရှက်မရှိတဲ့သူကို ငါ့သမီး တော်လေးနဲ့ လက်ဆက်မပေးနိုင်ဘူး။ အင်း ... ပြန်ပေတော့"

ရွှေဟင်္သာမင်းကလည်း သဘောမတူ မကြည်ဖြူတော့တာမို့ ဥဒေါင်းပျိုလေးခမျာ ရွှေဟင်္သာမင်းသမီးချောလေးကို လက်ဆက်ရကာနီးမှာပဲ လက်လွှတ်ဆုံးရှုံးသွားရရှာတယ်။ မရွှင်မပြုံး နုံးရိညှိုးငယ်စွာနဲ့ပဲ လာလမ်းအတိုင်း ပြန်ပြေးရပါလေရော။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

# သွေးစည်းချစ်ကြည် အောင်ပွဲတည်

ဘုရားလောင်းငုံးမင်းဘဝတုန်းကပေါ့ကွယ်။

ဘုရားလောင်းငုံးမင်းက တောအုပ်တစ်ခုအတွင်းမှာရှိနေတဲ့ ငုံးအပေါင်းကို အကြီးအမှူးပြုပြီး နေရတယ်။ တစ်နေ့မှာတော့ ငုံးမင်းနေထိုင်တဲ့ တောအုပ်ထဲကို ငှက်ပစ်မုဆိုး ရောက်လာပါလေရော။ ငှက်ပစ်မုဆိုး လာနေတာကို ဘုရားလောင်းငုံးမင်းမြင်နေရတယ်။ ငှက်ပစ်မုဆိုး လာနေပြီဆိုတာကိုသိတဲ့ ဘုရားလောင်းငုံးမင်းက သူ့လက်အောက်မှာရှိနေကြတဲ့ ငုံးအပေါင်းကို ချက်ချင်းစုခေါ်လိုက်ပါတယ်။ တောအုပ်အတွင်းမှာရှိနေတဲ့ ငုံးအပေါင်းတို့ကလည်း ဘုရားလောင်းငုံးမင်းရဲ့ ရှေ့မှောက် အလျှင်အမြန် ရောက်လာ





ကြတယ်။ ဘုရားလောင်းငုံးမင်းရဲ့ ရှေ့မှောက်မှာ ငုံးအားလုံး ရောက်နေကြပြီ။

"ငုံးအပေါင်းတို့ ... ငါတို့နေထိုင်ရာတောအုပ်ထဲမှာ ငှက်ပစ်မုဆိုးရောက်နေပြီ။ သတိထားပြီး နေထိုင်ကြလော့။ သင်တို့ စားသောက်နေစဉ် အကိုက်မိနေတဲ့အချိန်မှာ ငှက်ပစ်မုဆိုးက ကွန်နဲ့ ပစ်ပြီး သင်တို့ကို ဖမ်းဆီးလိမ့်မယ်။ အကယ်၍များ ကွန်နဲ့ပစ်ပြီး အဖမ်းခံရပြီဆိုရင် အသင်တို့အားလုံးရဲ့ စည်းလုံးညီညွတ်မှုအင်အားနဲ့ လွတ်မြောက်အောင်ရုန်းထွက်ကြရမယ်။ ကြောက်ရွံ့ထိတ်လန့်မနေကြပါနဲ့။ ရုန်းထွက်လို့ရမယ့်နည်းကို ပြောပြမယ်။ အသေအချာ နာယူမှတ်သားကြပါ"

ဘုရားလောင်းငုံးမင်းပြောသမျှကို ငုံးအားလုံးက အသေအချာ နားထောင်နေကြတယ်။ ငှက်ပစ်မုဆိုးလက်က လွတ်မြောက်အောင် ရုန်းထွက်လို့ရမယ့်နည်းလမ်းကိုလည်း သိချင်နေကြတယ်။ ဒါကြောင့် ဘုရားလောင်းငုံးမင်းနောက်ထပ်ပြောလာမှာကိုပဲ နားစွင့်နေကြတယ်။

"အသင်တို့ကို ကွန်နဲ့ပစ်ပြီးဖမ်းအုပ်မိတာနဲ့ တစ်ပြိုင်နက် အသင်တို့ရဲ့ ဦးခေါင်းတွေကို ကွန်အပေါက်တွေထဲ တိုးဝင်လိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ကွန်အပေါက်တစ်ပေါက်စီမှာ ဦးခေါင်းတွေတိုးဝင်မိပြီဆိုတာနဲ့ တညီတညွတ်တည်း အားကိုသုံးပြီး ပျံလိုက်ရင် ကွန်ကလည်း သင်တို့အ႒ာ ပါလာပါလိမ့်မယ်။ မုဆိုး မမှီနိုင်တဲ့အမြင့်အထိ ပျံသွားပြီးတော့ ဆူးခြုံကိုမြင်တာနဲ့ ဆူးခြုံပေါ်ရောက်အောင် ဆင်းလိုက်ကြပါ။ အသင်တို့အားလုံး ဆူးခြုံပေါ်ရောက်တာနဲ့ ကွန်က ဆူးခြုံပေါ်မှာပဲတစ်ပြီးကျန်နေခဲ့လိမ့်မယ်။ အဲဒီအချိန်မှာ သင်တို့အလွယ်တကူ ပြန်ထွက်ကြဖို့ပါပဲ"

ငှက်ပစ်မုဆိုးရဲ့လက်တွင်းက လွတ်မြောက်နိုင်မယ့်နည်းလမ်းကို ဘုရားလောင်းငုံးမင်းက ပြောပြလိုက်ပါတယ်။

"အရှင့်စကားကို တစ်သဝေမတိမ်း နာယူမှတ်သားပါ့မယ်။ အန္တရာယ်နဲ့ ကြုံတွေ့ရင်ဆိုင်ရရင်လည်း အရှင်ပြောကြားတဲ့အတိုင်း တညီတညွတ်တည်း စည်းလုံးတဲ့အားနဲ့ လွတ်မြောက်အောင် ကြိုးပမ်းပါ့မယ်"

ငုံးအားလုံးက ကတိကဝတ်ပြုပြီး ငုံးမင်းရဲ့ရှေ့က ပြန်ထွက်လာခဲ့ကြတယ်။ သူတို့အားလုံး ဦးတည်ပြီး ပျံသန်းနေတာကတော့ သူတို့စားနေကျ စားကျက်ကွင်းဆီကိုပါပဲ။ စားကျက်ကွင်းထဲရောက်တာနဲ့ စားကျက်ကွင်းထဲဆင်းပြီး အစာရှာစားနေကြတယ်။



စားကျက်ကွင်းထဲမှာ အစာစားနေတဲ့ ငုံးတွေကို ငှက်ပစ်မုဆိုးက တွေ့တော့တာပါပဲ။

"အလို ... ရာထောင်မက များပြောင်လှတဲ့ ငုံးအုပ်ကြီးကို တွေ့လို့နေပါရောလား။ သင်းတို့အားလုံး မကြာချက်ချင်း ငါ့လက်တွင်းသို့ ရောက်စေရမယ်"

ရာထောင်မက များပြောင်လှတဲ့ ငုံးအုပ်ကြီးကို တွေ့လိုက်ရတော့ ငှက်ပစ်မုဆိုးကြီး အင်မတန်မှပဲ ပျော်မြူးသွားတယ်။ အစာစားနေတဲ့ ငုံးအုပ်ကြီးကို အမိအရ ဖမ်းမယ်ဆိုတဲ့ အကြံနဲ့ ငုံးအုပ်နဲ့ အနီးကပ်ဆုံးနေရာကို ရောက်အောင်လို့ ခြေသံထိန်းပြီး သွားနေတယ်။ ငှက်ပစ်မုဆိုးကြီးက စားကျက်ကွင်းရဲ့ လေညာအရပ်က လာနေတာဆိုတော့ မုဆိုးကြီးရဲ့ ကိုယ်နံ့က "ငါလာပြီဟေ့"လို့ ငုံးတွေကို အသိပေးနေသလို ဖြစ်နေတယ်။

ဖလူး ... လူး ... လူး ...

အင်မတန်လျင်မြန်ဖျတ်လတ်တဲ့ ငုံးတွေက ရန်သူလာပြီဆိုတာကို သိတာနဲ့ တစ်ပြိုင်နက် ရုတ်ခြည်းထပျံပြေးတော့တာပါပဲ။ အားလုံး ထပျံပြေးတဲ့ ငုံးအုပ်ကြီးကို ကြည့်နေရုံကလွဲလို့ မုဆိုးကြီးမှာ ဘာမျှမတတ်နိုင်တော့ဘူး။ ငုံးတွေစားနေတဲ့ စားကျက်



www.burmeseclassic.com

www.burmeseclassic.com



ကွင်းရဲ့ လေညာအရပ်က လာခဲ့မိတဲ့အတွက် မှားမှန်းသိတော့ သူ့ကိုယ်သူကိုလည်း မကျေမနပ်ဖြစ်နေတယ်။

"နေနှင့်ဦးပေါ့ကွာ။ မနက်ဖြန်ကျရင် ငါ့လက်ထဲက သင်းတို့ လွတ်လို့ရနိုင်ရိုးလား"

ပျံသန်းသွားကြတဲ့ ငုံးအုပ်ကြီးကို ကြည့်နေရင်းက ကြိမ်းဝါးပြီး ပြန်ရတော့တာပါပဲ။

နောက်တစ်နေ့ မိုးလင်းတာနဲ့ အရင်နေ့က ငုံးအုပ်ကြီးစားနေတဲ့ စားကျက်ကွင်းနားမှာ မုဆိုးကြီးရောက်နေပြီး စားကျက်ကွင်းရဲ့ လေညာအောက်မှာရှိနေတဲ့ စားကျက်ကွင်းနဲ့ မနီးမဝေးခြုံပုတ်ထဲ ဝင်ပုန်းနေပြီး ငုံးတွေအလာကို စောင့်နေတယ်။ ဝါးတစ်ရိုက်စာလောက် နေလုံးမြင့်လာတဲ့အချိန်လည်းရောက်ရော ငုံးအုပ်ကြီးရောက်လာတော့တာပါပဲ။

ငုံးတွေက အုပ်စုဖွဲ့ပြီး အစာစားနေကြတာဆိုတော့ တစ်စုတဝေးကြီး ဖြစ်နေတယ်။ မုဆိုးကြီးအတွက်တော့ အကွက်ကောင်းပဲ။ တစ်စုတဝေးကြီးနေတဲ့ ငုံးတွေကို အမိအရ ဖမ်းမိနိုင်ဖို့အတွက် ငုံးတွေအငိုက်မိအောင် စောင့်နေတယ်။ ငုံးတွေကလည်း စားကျက်ထဲ ဝင်ကာစတုန်းကတော့ တောင်ကြည့်မြောက်ကြည့် ဟိုဟိုဒီဒီကြည့်



လိုက် အစာစားလိုက် ဂရုမပြုမိကြဘူး။ ရန်သူများရှိမလားဆိုပြီး စိုးရိမ်နေကြတယ်။ တစတစနဲ့ အချိန်ကြာလာတယ်။ ရန်သူရဲ့ အရိပ်အခြည်ကို မတွေ့ရဘူး။ ဒီတော့မှပဲ စိတ်အေးလက်အေး ဖြစ်လာကြတယ်။ အစာကိုပဲ သဲသဲမဲမဲ စားနေကြတယ်။ ဘေးဘီကို ကြည့်မနေကြတော့ဘူး။

မုဆိုးကြီးအတွက် အခွင့်ကောင်းရတဲ့အချိန်ပါပဲ။ မုဆိုးကြီးက ရလာတဲ့အခွင့်ကောင်းကို အချိန်ဆိုင်းမနေဘူး။ လက်ထဲမှာ အသင့်ကိုင်ထားတဲ့ ပိုက်ကွန်ကို အစာစားနေကြတဲ့ ငုံးအုပ်ဆီတည့်တည့် ချိန်ပြီး ပစ်လွှတ်လိုက်တော့တာပါပဲ။ လက်ဆမှန်မှန်နဲ့ ပစ်လွှတ်လိုက်တဲ့ မုဆိုးကြီးရဲ့ ပိုက်ကွန်က ငုံးတွေအားလုံးကို အုပ်မိသွားပြီ။

"တို့ကို ရန်သူမုဆိုးက ဖမ်းဆီးမိနေပြီ။ တညီတညွတ်တည်း ဆောင်ရွက်ကြဖို့"

ငုံးအချင်းချင်း သတိပေးပြီး ကွန်ပေါက်တစ်ပေါက်စီကို ခေါင်းတစ်လုံးချင်းစီ ထိုးသွင်းလိုက်ကြတယ်။ ပြီးတာနဲ့ အလျင်အမြန် ထပျံလိုက်ကြတော့တာပါပဲ။ ခြုံထဲက မုဆိုးကြီးထွက်လာတော့ အတော်မြင့်တဲ့နေရာတောင် ရောက်နေကြပြီ။

"ဟေး ... ဟေး ... ဟေး ..."

www.burmeseclassic.com

www.burmeseclassic.com



မုဆိုးကြီးက တပျော်ပျော်အော်ပြီး ခြောက်လှန့်နေတယ်။ ငုံးတွေကလည်း ပိုက်ကွန်ကြီးကို ထမ်းပိုးပြီး မုဆိုးကြီးမမီနိုင်တဲ့ အမြင့်ရောက်အောင် ပျံသန်းနေကြတယ်။

"တောက် … တော်တော်ပါးနပ်တဲ့ ငုံးတွေကွာ"

ကောင်းကင်အမြင့်ထဲမှာ ပိုက်ကွန်ကြီးထမ်းပြီး ပျံနေကြတဲ့ ငုံးတွေကို ကြည့်ရင်းမုဆိုးကြီးက မကျေမချမ်းဖြစ်နေတယ်။ မုဆိုးကြီး ပြေးပြီးလိုက်လာလို့ မမီလောက်တော့တဲ့ နေရာရောက်တော့မှပဲ ငုံးတွေက နီးရာ ဆူးခြုံပုတ်ပေါ်ကို ရောက်အောင် ပြန်ဆင်းလာခဲ့ကြတယ်။ ဆူးခြုံပေါ်လည်းရောက်ရော ပိုက်ကွန်က ဆူးခြုံနဲ့ ငြိပြီး ကျန်နေခဲ့တယ်။ ငုံးတွေကတော့ မုဆိုးကြီးရဲ့လက်တွင်းက လွတ်မြောက်သွားရပါတော့တယ်။

အချင်းချင်း ချစ်ချစ်ခင်ခင်နဲ့ စည်းလုံးညီညွတ်နေရင် ကြုံတွေ့ရင်ဆိုင်ရမယ့် အန္တရာယ်ကို ကျော်လွှားအောင်မြင်နိုင်တယ်ဆိုတဲ့ ပုံပြင်လေးပါပဲကွယ် …။

♣ ♣ ♣



# စွမ်းအားကိုယ်စီ ရှိနေသည်

ဟိုး … ရှေးအခါတုန်းက တောအုပ်ကြီးတစ်ခုထဲမှာ ဆင်တစ်ကောင်နဲ့မျောက်တစ်ကောင်တို့ အတူတကွ နေထိုင်ကြတယ်။ တစ်ကောင်နဲ့တစ်ကောင် အတော်ကြီးကို သံယောဇဉ်ကြီးကြတဲ့ ဆင်နဲ့မျောက်ပါပဲ။ ဆင်က မျောက်သွားချင်တဲ့နေရာရောက်အောင်လို့ မျောက်ကို သူ့ကျောကုန်းပေါ်တင်ပြီး ပို့ပေးတယ်။ မျောက်ကလည်း အင်မတန်မြင့်မားတဲ့ သစ်ပင်ကြီးတွေပေါ်က အသီးတွေကို ဆွတ်ယူပြီး ဆင်စားဖို့ ပေးတယ်။ တစ်ကောင်နဲ့ တစ်ကောင် အပြန်အလှန် ကောင်းကျိုးပြုနိုင်ကြတာဆိုတော့ တစ်ကောင်အပေါ်တစ်ကောင် ပိုပြီးကြင်နာကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာတော့ ဆင်နဲ့မျောက်တို့ စကားနိုင်လုကြတယ်။ စကားနိုင်လုတယ်ဆိုတာက တစ်ဖက်သားကို စကားနဲ့အနိုင်ရအောင်လို့ ဗွတ်အတင်း ငြင်းခုံပြောဆိုကြတာပဲ။

"ငါက ကိုယ်ခန္ဓာကြီးမားပြီး ထွားကျိုင်းသန်မာတယ်။ ပင်ပန်းဆင်းရဲတာကိုလည်း ခံနိုင်တယ်။ အဲကြောင့် တိရစ္ဆာန်တွေထဲမှာ ကိုယ်ခန္ဓာကြီးထွားတဲ့ ငါဆင်ကသာ ပိုပြီးအသုံးဝင်တယ်"

ဆင်က မျောက်ကို ပြောလိုက်တော့ မျောက်ကလည်း ငုံ့ခံမနေဘူး။

"ငါ့ခန္ဓာကိုယ်က သေးငယ်ပေမယ့် ပေါ့ပါးသွက်လက်တယ်။ ဝတုတ်တုတ် ခန္ဓာကိုယ်လုံးမျိုး မဟုတ်တာကြောင့် လျင်မြန်ဖျတ်လတ်တယ်။ အပြေးလည်းသန်တယ်။ ဘယ်လောက်မြင့်တဲ့ အပင်မြင့်ပါစေ ထိပ်ဖျားရောက်အောင် တက်နိုင်တယ်။ အဲကြောင့် တိရစ္ဆာန်တွေထဲမှာ ကိုယ်ခန္ဓာသေးငယ်ပြီး ပေါ့ပါးသွက်လက်လျင်မြန်ဖျတ်လတ်တဲ့ ငါမျောက်ကသာ ပိုပြီး အသုံးဝင်တယ်"

မျောက်က ဆင်ကို ပြန်ပြောလိုက်တယ်။

ဆင်ကလည်း ကိုယ်ခန္ဓာကြီးမားထွားကျိုင်းတဲ့ သူကသာလျှင် တိရစ္ဆာန်တွေထဲမှာ အသုံးဝင်တယ်လို့ပြောတယ်။ မျောက်က





လည်း ကိုယ်ခန္ဓာသေးငယ်ပေမယ့် ပေါ့ပါးသွက်လက်လျင်မြန်ဖျတ်လတ်တဲ့ သူကသာလျှင် တိရစ္ဆာန်တွေထဲမှာ အသုံးဝင်တယ်လို့ ဗွတ်အတင်းပြောတယ်။

ပြောရင်း ပြောရင်းနဲ့ ငြင်းခုံတဲ့အထိ ဖြစ်လာတယ်။ ဆင်ကမျောက်ရဲ့ အားနည်းချက်တွေကို ဖော်ထုတ်ပြောပြပြီး ချိုးဖဲ့နှိမ့်ချတယ်။ မျောက်ကလည်း ဆင်ရဲ့အားနည်းချက်တွေကို ထောက်ပြပြီး ကဲ့ရဲ့ရှုတ်ချတယ်။ အဝေးတနေ့မှ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ နေလာခဲ့ကြတဲ့ ဆင်နဲ့မျောက်တို့ဟာ စကားနိုင်လုရာကနေ အငြင်းပွားရတဲ့အထိ ဖြစ်လာတယ်။ စိတ်ဝမ်းကွဲကြရတော့မယ် အခြေအနေအထိ ဖြစ်နေပြီ။

"အလို ... ကိုရွှေဆင်နဲ့ ကိုရွှေမျောက်တို့ပါကလား။ ခင်များတို့ မျက်နှာကြည့်လိုက်ရတာနဲ့ အငြင်းပွား စကားများပြီး ရန်ဖြစ်နေတယ်ဆိုတာကို ကျုပ်သိပါတယ်။ အရင်တုန်းကလိုပဲ စိတ်ဝမ်းမကွဲဘဲ ချစ်ချစ်ခင်ခင် ပျော်ပျော်ရွှင်ရွှင် နေကြစမ်းပါဗျာ"

ဆင်နဲ့မျောက်တို့ အငြင်းပွားစကားများနေတဲ့ နေရာကို ကိုရွှေလိပ်က ရောက်လာတယ်။ တင်းမာခက်ထန် နေသော်တွေ



www.burmeseclassic.com

www.burmeseclassic.com



တတ်နေကြတဲ့ ဆင်နဲ့မျောက်ကို တွေ့လိုက်ရလို့ ပြန်ပြေစကား ပြောလိုက်တာပါပဲ။

"ကိုရွှေလိပ် စဉ်းစားကြည့်စမ်းပါဦးဗျာ။ ကျုပ်က ကိုယ်ခန္ဓာကြီးထွားသန်မာတယ်။ ကိုယ်ခန္ဓာကြီးထွားသန်မာတဲ့ ကျုပ်ကသာလျှင် အသုံးဝင်တယ်လို့ ပြောလိုက်တယ်ဗျာ။ ကျုပ်ပြောတာကို ကိုယ်ခန္ဓာသေးသေးကွေးကွေးလေးရှိတဲ့သူက လက်မခံဘူးဗျ။ သူသာလျှင် အသုံးဝင်တယ်လို့ ပြောပြီး လက်မထောင်နေတယ်"

ကိုရွှေဆင်က ကိုရွှေလိပ်ကို ရှင်းပြနေတုန်းမှာပဲ ကိုရွှေမျောက်ကလည်း ငြိမ်ပြီး နားထောင်မနေဘူး။

"ကျုပ်ရဲ့ ကိုယ်ခန္ဓာက သေးငယ်တာ မှန်ပါတယ်။ ဒါပေမယ့် ကိုယ်ခန္ဓာသေးငယ်တဲ့ သူက ကိုယ်ခန္ဓာဝတုတ်ကြီး ဖြစ်နေတဲ့သူထက် ပေါ့ပါးသွက်လက်တယ်ဗျ။ လျှင်မြန်ဖျတ်လတ်မှုရှိတာကို ကိုရွှေလိပ်လည်း မြင်နေရတာပဲ မဟုတ်လား။ ဒါကြောင့် ကိုယ်ခန္ဓာ ဝတုတ်တုတ်ကြီးနဲ့ ဖင့်နွှဲ့လေးလံနေတဲ့ သူနဲ့စာရင် လျှင်မြန်သွက်လက် ဖျတ်လတ်တဲ့ ကျုပ်ကသာ ပိုပြီး အသုံးဝင်တယ်လို့ ပြောလိုက်တာ သဘာဝမကျပေဘူးလား





ကိုရွှေလိပ်ရာ"

ကိုရွှေမျောက်ကလည်း ကိုရွှေဆင်ထက် သူသာလျှင် **အသုံး** ဝင်တယ်လို့ ပြောပါလေရော။

"တကယ်တော့ ကိုရွှေဆင်နဲ့ ကိုရွှေမျောက်တို့က အသုံးဝင်တာချင်းပြိုင် စကားနိုင်လုရင်း ငြင်းခုံနေကြတာကိုး။ ငြင်းနေမယ့်အစားဗျာ ကိုရွှေဆင်နဲ့ကိုရွှေလိပ်တို့ ဘယ်သူက **အသုံး**ဝင်သလဲ ဆိုတာကို သိရအောင် ဟိုသစ်ပင်ပေါ်မှာ စံပျော်နေတဲ့ ပညာရှိ ဦးဇီးကွက်ကြီးဆီသွားပြီး မေးကြည့်ကြပါတော့လားဗျာ။ ဦးဇီးကွက်ကတော့ ဘယ်လိုပြဿနာမျိုးကိုမဆို ပြေငြိမ်းအောင် ဖြေရှင်းပေးနိုင်တဲ့ သမာဓိရှင် ပညာရှိကြီးပါပဲ။ ကဲ...ကဲ... ဆက်ပြီးငြင်းနေကြရင် **ချစ်စ**တိုလို့ မုန်းစရှည်ပေလိမ့်မယ်။ ပညာရှိဦးဇီးကွက်ကြီးထံသွားပြီး ဦးဇီးကွက်ရဲ့အဆုံးအ**ဖြတ်ကို**သာ နာခံကြပေတော့ဗျို့။ ကျုပ်လည်း ရေကန်အရောက် **သွားလိုက်** ဦးမယ်"

ကိုရွှေလိပ်ဟာ ပြောပြီးတာနဲ့ ကန်တော်ဆီ ဦးတည်ပြီးတော့ တရွေ့ရွေ့သွားနေပြီ။

"ကဲ ... မင်းနဲ့ငါ အငြင်းပွားနေမယ့်အစား ပညာရှိ



www.burmeseclassic.com

www.burmeseclassic.com



ဦးဇီးကွက်ထံသွားပြီး အဆုံးအဖြတ်ကို နာယူကြပါစို့"

ကိုရွှေဆင် ပြောတာကို ကိုရွှေမျောက်ကလည်း သဘောတူ ပါတယ်။ ဒါကြောင့် ကိုရွှေဆင်ရော ကိုရွှေမျောက်ပါ ပညာရှိ ဦးဇီးကွက်ထံ ရောက်လာပါတော့တယ်။

"ဟဲ့ ... ကိုရွှေဆင်နဲ့ ကိုရွှေမျောက်တို့ အဘယ်အရေး အဘယ်ကိစ္စနဲ့ ကျုပ်ဆီကို ရောက်လာကြတာလဲ။ လာရင်းကိစ္စ ပြောပြကြစမ်းပါဦး"

ပညာရှိဦးဇီးကွက်က ရောက်လာကြတဲ့ ကိုရွှေဆင်နဲ့ ကိုရွှေမျောက်ကို မေးလိုက်တာပါပဲ။ ပညာရှိ ဦးဇီးကွက်က မေးလာတာကြောင့် ကိုရွှေဆင်နဲ့ ကိုရွှေမျောက်တို့က လာရင်း ကိစ္စကို ပြောပြလိုက်ကြပါတယ်။

"သြော် ... ကိုရွှေဆင်နဲ့ ကိုရွှေမျောက်တို့ထဲက ဘယ်သူ ပိုပြီး အသုံးဝင်သလဲဆိုတာကို ရေရေရာရာ သေသေချာချာ တိတိ ကျကျ သိချင်ကြတယ် ဆိုပါတော့။ ဘယ်သူကပိုပြီး အသုံးဝင် တယ်ဆိုတာကို ကျုပ်ပညာရှိ ဦးဇီးကွက်ဖြေကြားပေးပါမယ် ဗျား။ ဒါပေမယ့် အဲဒီအဖြေမပေးခင် ကိုရွှေဆင်နဲ့ ကိုရွှေမျောက်





တို့ကို အကူအညီတစ်ခုတော့ တောင်းရဦးမယ်။ ခင်ဗျားတို့ ကူညီနိုင်မှာပါ။ ကျုပ်တောင်းဆိုတာကို ကူညီပေးပြီးတာနဲ့ ကိုရွှေဆင်နဲ့ ကိုရွှေမျောက်ပါ သိချင်တဲ့ အဆုံးအဖြတ်စကားကို ကျုပ် ဖြေကြားပါမယ်"

"အဆွေပညာရှိ တောင်းဆိုလာတဲ့ အကူအညီကို ကူညီပေးပါ့မယ်။ ဘာတွေ ကူညီပေးရမလဲဆိုတာကိုသာ ပြောပြပါ"

ကိုရွှေဆင်နဲ့ ကိုရွှေမျောက်တို့က ပညာရှိကြီး ဦးဇီးကွက် ကို ကူညီပေးဖို့ လိုလိုလားလား ပြောပြလိုက်ကြပါတယ်။

"တခြားတော့ မဟုတ်ပါဘူး ကိုရွှေဆင်နဲ့ ကိုရွှေမျောက် တို့ရယ်။ ဒီကနေ မြင်နေရတဲ့ ဟောဟိုတောအုပ်ညို့ညို့ကြီးကို ကြည့်လိုက်ကြစမ်းပါ"

ပညာရှိ ဦးဇီးကွက်ပြောပြနေတဲ့ နေရာကို ကိုရွှေဆင်နဲ့ ကိုရွှေမျောက်တို့က လှမ်းပြီးကြည့်နေကြတယ်။

"အဲဒီတောအုပ်ကြီးထဲမှာ အမြင့်ဆုံးသစ်ပင်ကြီးတစ်ပင် ကိုရော မြင်ကြရရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မြင်ရပါတယ် အဆွေဦးဇီးကွက်"

ကိုရွှေဆင်နဲ့ ကိုရွှေမျောက်တို့က လှမ်းကြည့်ရင်း ပြောလိုက်ကြတယ်။

"အဲဒီ တောအုပ်ထဲမှာ ရှိနေတဲ့ အမြင့်ဆုံးသစ်ပင်ကြီးရဲ့ ပင်စည်က အင်မတန်မှ ကြီးထွားတယ်။ အသီးကလည်း ထိပ်ခေါင်အဖျားပေါ်မှာပဲ ရှိနေတယ်။ အဲဒီ သစ်ပင်ကြီးကအသီးကို ကျွန်ုပ်လိုချင်ပါတယ်။ ကိုရွှေဆင်ရော ကိုရွှေမျောက်ပါသွားပြီး အဲဒီ အပင်ကြီးက အသီးကို ဆွတ်ခူးပေးစေလိုပါတယ်။ အဲဒီ အသီးရလာတာနဲ့ ကိုရွှေဆင်ရော ကိုရွှေမျောက်ပါ သိချင်နေတဲ့ အဖြေစကားကို ပြောကြားပေးပါမယ်"

ပညာရှိ ဦးဇီးကွက်ပြောတဲ့ သစ်ပင်ကြီးဆီရောက်အောင်လို့ ကိုရွှေဆင်နဲ့ ကိုရွှေမျောက်တို့ အတူသွားကြပါတယ်။ ဦးဇီးကွက် ပြောလိုက်တဲ့ သစ်ပင်အမြင့်ကြီးတည်ရှိရာ တောအုပ်ကြီးထဲရောက်ခင်မှာ နက်ရှိုင်းကျယ်ပြန့်တဲ့ ချောင်းကြီးကို တွေ့ကြရပါတော့တယ်။ အဲဒီ ချောင်းကို ဖြတ်ပြီးမှ ဦးဇီးကွက် ညွှန်ပြလိုက်တဲ့ တောအုပ်ကြီးထဲက သစ်ပင်အမြင့်ကြီးဆီကို ရောက်မှာဖြစ်ပါတယ်။ ချောင်းကို ဖြတ်ကူးရပါတော့မယ်။





"ချောင်းက ကျယ်လည်းကျယ်၊ နက်လည်း နက်တယ်။ ငါမကူးရဲဘူး။ ဒီချောင်းကို မကူးဘဲနဲ့ကလည်း ဟောဟိုတောအုပ်ကို မရောက်နိုင်ဘူး။ ခက်ခဲပါပဲကွာ"

ကိုရွှေမျောက်က နက်ရှိုင်းကျယ်ပြန့်ပြီး ရေစီးသန်လွန်းလှတဲ့ 'ချောင်းရေပြင်ကြီးကို ကြည့်ပြီး သက်ပြင်းချရင်းနဲ့ အကြံအိုက်နေတယ်။

"ကူးကြမယ်လေကွာ။ ဒီချောင်းကို ဖြတ်ကူးပြီးမှ ဟောဟိုတောအုပ်ထဲက သစ်ပင်အမြင့်ကြီးဆီ ရောက်မှာကွ။ လာပါကွာ၊ ဒီချောင်းကို ဖြတ်ကူးကြပါစို့"

ကိုရွှေဆင်က ချောင်းကို ဖြတ်ကူးဖို့ ခေါ်နေပေမယ့် ကိုရွှေမျောက်ခမျာ ချောင်းဖြတ်မကူးရဲတာကြောင့် ခပ်အင်အင်လုပ်နေတယ်။

"ဒီချောင်းကို မကူးရဲလို့လား"

ကိုရွှေဆင်က ခပ်အင်အင်လုပ်နေတဲ့ ကိုရွှေမျောက်ကို မေးလိုက်တယ်။

"ဟုတ်တယ်ကွ။ ငါမကူးရဲဘူး"

ကိုရွှေမျောက်ကလည်း ချောင်းဖြတ်မကူးရဲတဲ့အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

ပွင့်ပွင့်လင်းလင်းပဲ ဝန်ခံလိုက်ပါတယ်။

"ဒီချောင်းကို ဖြတ်ကူးပြီးမှ ဟောဟိုတောအုပ်ထဲ ရောက်မှာ၊ မင်းမပါဘဲ ငါတစ်ယောက်တည်းသွားလို့ မဖြစ်ဘူး။ ဒီတော့ကွာ ငါ့ကျောကုန်းပေါ်ကို တက်ပြီး လိုက်ခဲ့ပေတော့"

ကိုရွှေဆင်က ကျောကုန်းပေါ်မှာ ကိုရွှေမျောက်ကိုတင်ပြီး ချောင်းကို ဖြတ်ကူးလိုက်တယ်။ ချောင်းတစ်ဘက်ကမ်းကို ကိုရွှေဆင်ရော ကိုရွှေမျောက်ပါ ရောက်သွားကြတယ်။ ပညာရှိဦးဇီးကွက် ညွှန်ပြလိုက်တဲ့ သစ်ပင်မြင့်မြင့်ကြီးဆီ ရောက်လာကြပါပြီ။

ပညာရှိ ဦးဇီးကွက်ပြောလိုက်တဲ့ အတိုင်းပါပဲ။ သစ်ပင်ကြီးက အင်မတန်မှ မြင့်မားနေတယ်။ ပင်စည်ကြီးကလည်း ရောမ အကြီးကြီး။ ဦးဇီးကွက်လိုချင်တဲ့ အသီးကလည်း ခေါင်ဖျားမှာပဲ သီးနေတယ်။ ခေါင်ဖျားမှာရှိနေတဲ့အသီးကို ဆွတ်ယူဖို့ ကိုရွှေဆင် ခမျာမှာ အခက်တွေ့ရတော့တာပါပဲ။

"ခေါင်ဖျားမှာ သီးနေတဲ့ အသီးကို မြန်မြန်ခူးပြီး ပြန်ကြ မယ်ကွာ။ အချိန်ဆွဲမနေနဲ့ကွာ။ အပင်ပေါ်တက်ပြီး ခူးရအောင်"

ကိုရွှေမျောက်က ခေါင်ဖျားမှာ သီးနေတဲ့အသီးကို အတူခူး ယူဖို့ ခေါ်လိုက်တယ်။



"အင်း ... ဒီသစ်ပင်ကြီးရဲ့ ပင်စည်ကြီးကလည်း အင်မ တန်မှ ကြီးထွားတုတ်ခိုင်နေတယ်။ ငါ့နှာမောင်းနဲ့ချိတ်ပြီး ဆွဲလို့လည်း သစ်ပင်ကြီးက ပြိုလဲမှာ မဟုတ်ဘူး။ ခေါင်ဖျားမှာသီးနေတဲ့ အသီးကို လည်း ငါ့နှာမောင်းနဲ့ လှမ်းဆွတ်လို့ မမီဘူး။ သစ်ပင်ပေါ်ကိုလည်း ငါမတက်နိုင်ဘူး။ ခက်တော့တာပဲ"

ကိုရွှေဆင်က ရောမကြီးထွားပြီး မြင့်မားလွန်းလှတဲ့ သစ်ပင် ကြီးကို ငေးကြည့်နေရင်း အကြံရခက်နေပြီ။

"တက်ပြီး ခူးမယ်လေကွာ။ မင်း မတက်နိုင်ဘူးလား"

ကိုရွှေမျောက်က စိတ်မရှည်တော့တာကြောင့် ကိုရွှေဆင် ကိုမေးလိုက်တယ်။

"ဟုတ်တယ်။ ငါမတက်နိုင်ဘူး"

ကိုရွှေဆင်ကလည်း ဖုံးကွယ်ပြီး မနေဘူး။ မတက်နိုင် ကဲ့အကြောင်း ဝန်ခံလိုက်တယ်။

"ကောင်းပြီ။ မင်းမတက်နိုင်ရင် အောက်မှာပဲ စောင့်နေ ငါတက်ပြီး ခူးလိုက်မယ်"

ကိုရွှေမျောက်က လျင်လျင်မြန်မြန် ဖျတ်ဖျတ်လတ်လတ် ပေါ့ပေါ့ပါးပါးနဲ့ သစ်ပင်အမြင့်ကြီးပေါ်တက်သွားတယ်။ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ သီးနေတဲ့ အသီးကို ဆွတ်ယူပြီး သစ်ပင်ကြီးပေါ်က ပြန်ဆင်းလာတယ်။ သစ်သီးကို ယူပြီးတော့ ဦးဇီးကွက်ထံ ပြန်လာခဲ့ကြတယ်။ ဦးဇီးကွက်လိုချင်တဲ့ အသီးကို ဦးဇီးကွက် လက်ထဲ ပေးအပ်လိုက်ကြတယ်။

"အဆွေ ပညာရှိဦးဇီးကွက်ခင်ဗျား ... ဦးဇီးကွက်တောင်းတဲ့ အကူအညီကို ကျွန်ုပ်တို့ ဆောင်ကြဉ်းလို့ ပြီးပါပြီ။ ကျွန်ုပ်တို့ သိချင်နေတဲ့ အဖြေကိုလည်း ဖြေကြားပေးပါဦး"

ကိုရွှေဆင်နဲ့ ကိုရွှေမျောက်တို့ကတော့ ဘယ်သူစွမ်းအားအရှိဆုံး၊ အသုံးဝင်ဆုံးဆိုတာကိုပဲ သိချင်နေကြတယ်။

"အသင်တို့ ယူဆောင်လာခဲ့တဲ့ ဟောဒီ သစ်သီးလေးကတော့ အဖြေပေးပြီးနေပါပြီ။ ဒါပေမယ့် အသင်တို့ နားမရှင်းသေးတာကို ကျွန်ုပ်ရှင်းပြပေးပါ့မယ်လေ။ ဟောဒီ သစ်သီးလေးကို ဆွတ်ခူးဖို့ သွားကြတဲ့အခါမှာ နက်ရှိုင်းကျယ်ပြန့်တဲ့ချောင်းကြီးကို တွေ့ခဲ့ကြရတယ်မဟုတ်လား"

"တွေ့ခဲ့ရပါတယ်။ အဲဒီ ချောင်းနက်ကျယ်ကြီးကို ဟောဒီ ကိုရွှေမျောက်မကူးရဲလို့ ကျွန်ုပ်ကျောကုန်းပေါ်တင်ပြီး ဖြတ်ကူးခဲ့ရပါသေးတယ်"





ကိုရွှေဆင်က ကိုရွှေမျောက်ချောင်းဖြတ်ပြီး မကူးရဲလို့ ကူညီခဲ့ရတဲ့အကြောင်း သိသာအောင် ထုတ်ဖော်ပြောလိုက်တာ ပါပဲ။

"ဟုတ်ပါပြီ။ ကိုရွှေမျောက်က ချောင်းကို မကူးဖြတ်ရဲလို့ ကိုရွှေဆင်က ကူညီပေးလို့ ချောင်းတစ်ဖက်ကမ်းကို ရောက်ခဲ့ရတယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

ကိုရွှေမျောက်က ဝန်ခံလိုက်ပါတယ်။

"နောက်တော့ ကျွန်ုပ် ညွှန်ပြလိုက်တဲ့ သစ်ပင်ကြီးဆီကို သင်တို့ ရောက်သွားကြပြီ။ ခေါင်ဖျားထိပ်မှာ သီးနေတဲ့ အသီးကို ဘယ်လိုများ ဆွတ်ယူနိုင်ခဲ့ကြသလဲ"

"ဟဲ ... ဟဲ ... ဟဲ ကျွန်ုပ်ကိုရွှေမျောက်ကပဲ သစ်ပင်အမြင့်ကြီးပေါ်တက်ပြီး ခူးယူခဲ့ရပါတယ်။ ကိုရွှေဆင်မှာ ရောမကြီးမားတုတ်ခိုင်ပြီး မြင့်မားလွန်းလှတဲ့ သစ်ပင်ကြီးကို ကြည့်ပြီး လက်မှိုင်ချနေတော့တာပါပဲ"

ကိုရွှေမျောက်ကလည်း သစ်ပင်အမြင့်ကြီးပေါ်က ခေါင်ဖျားမှာသီးနေတဲ့အသီးကို သူကိုယ်တိုင်ဆွတ်ခူးလာခဲ့တာဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပေါ်လွင်အောင် ပြောပါတော့တယ်။

"အဲဒီ ဒီသစ်သီးခူးယူနိုင်ဖို့အတွက် ချောင်းရေမကူးနိုင်တဲ့ ကိုရွှေမျောက်ကို ချောင်းရေကူးနိုင်တဲ့ ကိုရွှေဆင်က ကူညီပေးခဲ့ရသလို သစ်ပင်မတက်နိုင်တဲ့ ကိုရွှေဆင်ကို သစ်ပင်တက်နိုင်တဲ့ ကိုရွှေမျောက်က ကူညီပေးခဲ့ရတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

ကိုရွှေဆင်နဲ့ ကိုရွှေမျောက်တို့က ပြိုင်တူပြောလိုက်ကြပါတယ်။

"ကိုရွှေဆင်က ကိုရွှေမျောက်ကို ကူညီပေးခဲ့သလို ကိုရွှေမျောက်ကလည်း ကိုရွှေဆင်ကို ပြန်ပြီးကူညီပေးခဲ့တာကြောင့် ဟောဒီသစ်သီးကို ရနိုင်ခဲ့တာပါပဲ။ ကိုရွှေဆင်မှာ အသုံးဝင်တဲ့ စွမ်းအားရှိသလို ကိုရွှေမျောက်မှာလည်း အသုံးဝင်တဲ့ စွမ်းအားရှိတယ်ဆိုတာ ပေါ်လွင်နေပါပြီ။ အသုံးဝင်တဲ့ စွမ်းအားရဲ့ စွမ်းဆောင်နိုင်မှုချင်းကတော့ မတူညီကြပါဘူး။ မတူညီတဲ့ စွမ်းအားချင်းကို ပြိုင်ဆိုင်ငြင်းခုန်နေမယ့်အစား စွမ်းအားချင်းပူးပေါင်းပြီး ဆောင်ရွက်လိုက်ရင် ဘယ်အရာမျိုးကိုမဆို လွယ်လင့်တကူ ရယူပိုင်ဆိုင်နိုင်မှာပါပဲ။ အဲဒါကြောင့် အသုံးဝင်တဲ့ စွမ်းအားကိုယ်စီရှိကြပါတယ်လို့ ဖြေကြားလိုက်ပါမယ်။ ကိုယ်စီကိုယ်စီ ရှိနေကြတဲ့ စွမ်းအားတွေကလည်း



သူ့နေရာနဲ့သူ အသုံးဝင်တာချည်းပါပဲ"

ပညာရှိဦးဇီးကွက်က လက်တွေ့ကြောင်းကျိုးပြပြီး ရှင်းပြလိုက်ပါတယ်။ ဒီတော့မှ ကိုရွှေဆင်ကလည်း ကိုရွှေမျောက်မှာ အသုံးဝင်တဲ့စွမ်းအားရှိတာကို လေးစားအားကိုးသွားသလို ကိုရွှေမျောက်ကလည်း ကိုရွှေဆင်မှာ အသုံးဝင်တဲ့ စွမ်းအားရှိတာကို လေးစားအားကိုးနေပါတော့တယ် ...။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

# တောပြောင်းတဲ့ သစ်တောက်ငှက်

လက်ပံပင်တွေချည်းပေါက်နေပြဲ့ လက်ပံတောကြီးထဲမှာ သစ်တောက်ငှက်တစ်အုပ်ကျက်စားနေကြတယ်။ သစ်တောက်ငှက်ဆိုတာ သူတို့ရဲ့ နှုတ်သီးနဲ့ သစ်ခေါက်တွေကို တဒေါက်ဒေါက်မြည်အောင် ခေါက်ရတယ်။ အဲသလို ခေါက်လိုက်တော့ သစ်ခေါက်တွေကြားမှာ ခိုအောင်းနေကြတဲ့ ပိုးလောက်တွေ ထွက်လာကြတာပေါ့။ ထွက်လာတဲ့ ပိုးလောက်တွေဟာ သစ်တောက်ငှက်တို့ရဲ့ အစာပါပဲ။

တစ်နေ့မှာတော့ လက်ပံတောထဲမှာနေတဲ့ သစ်တောက်ငှက်တစ်ကောင်ဟာ သူ့မိတ်ဆွေသစ်တောက်ငှက်တွေကို





ပြောသတဲ့။

"ငါတော့ သည်လက်ပံတောထဲမှာတွင်နေပြီး ရှာဖွေစားသောက်ရတာ အားမရဘူး။ တစ်ခြားတောကိုသွားပြီး အစာရှာထွက်ချင်တယ်"

"မင်းကလည်းကွာ။ တို့လက်ပံတောအုပ်ကြီးထဲမှာ ရှာဖွေစားသောက်စရာတွေ အများကြီးပါပဲကွာ။ သည်လောက်စားသောက်စရာပေါတဲ့ မိခင်တောအုပ်ကြီးထက် ကောင်းတဲ့နေရာမရှိနိုင်ပါဘူးကွာ"

"ဟိုတစ်နေ့က တစ်ခြားသစ်တောက်ငှက်တစ်ကောင်နဲ့ မိတ်ဆွေဖြစ်ခဲ့တယ်။ သူက ရှားတောထဲမှာ နေတာတဲ့။ သူတို့နေတဲ့ ရှားတောထဲမှာရှိတဲ့ စားစရာတွေက အရသာသိပ်ရှိတာပဲတဲ့။ ငါ့ကိုလာလည်စားသောက်ဖို့ ဖိတ်ခေါ်နေတာကွ။ ဒါကြောင့် အဲဒီတောကိုသွားမလို့"

"ရှားတောထဲ မင်းရောက်သွားရင် ဒုက္ခအကြီးအကျယ်တွေ့မှာပေါ့။ မင်းကျင်လည်ကျက်စားနေတာက လက်ပံတောပဲကွ။ လက်ပံပင်ဆိုတာ အခေါက်ကလည်းပွ၊ အသားကလည်းပွတာဆိုတာ မင်းအသိ။ တို့နှုတ်သီးနဲ့ အံကိုက်ပဲ။ ရှားတောထဲက



www.burmeseclassic.com

www.burmeseclassic.com



ရှားပင်တွေရဲ့အခေါက်ကလည်းမာတယ်။ အသားကလည်း မာတယ်။ မင်းနှုတ်သီးကျိုးသွားမှာပေါ့။

သူငယ်ချင်းသစ်တောက်ငှက်တွေက ကျိုးကြောင်းပြ တားမြစ်ကြပါရဲ့။ ဒါပေမယ့် ဟိုသစ်တောက်ငှက်ကလေးက လက် မခံခဲ့ပါဘူး။

"သူတို့တောင်မှ ဒီတောထဲမှာ ရှာဖွေစားသောက် နိုင်သေးတာပဲ။ ငါလည်း ရှာဖွေနိုင်ရမှာပေါ့။ သူတို့လည်း သစ်တောက်ငှက် ငါလည်း သစ်တောက်ငှက်ပဲ။ ဘာဖြုလို့ စိုးရိမ် နေရမှာလဲ"

သူငယ်ချင်းတွေ တားနေတဲ့ကြားကပဲ ရှားတောဘက် ဆီကို အတင်းပျံသွားပါလေရော။

ရှားတောထဲရောက်သွားတဲ့ သစ်တောက်ငှက်ဟာ နေရာ ဒေသ အသစ်အဆန်းကိုတွေ့ရလို့ ဝမ်းသာနေတယ်။ မိမိကိုယ်ကို လည်း ငါမှငါ မာနတစ်ခွဲသားနဲ့ ဝဲလိုက်ပျံလိုက် မြူးထူးလို့ပေါ့။

"ငါဟဲ့ သစ်တောက်၊ ခြေဖျားနဲ့ထောက်ပြီး
သစ်ခေါက်ကြိုကြား၊ ခိုနေနားတဲ့
သေးမွှားပိုးလောက်၊ ငါ့နှုတ်သီးနဲ့များ ပေါက်လိုက်ရင်





ဒေါက်ကနဲ ဒေါက်ကနဲ
မှောက်ကနဲ မှောက်ကနဲ လဲကျမယ်။
နဲသားပိုးမွှား၊ ကောက်ကာကောက်ကာ ငါစားလိုက်မယ်။
လားလားမှမကြောက်၊ ငါသစ်တောက်တဲ့ဟေ့" လို့တောင်

ကြုံးဝါးကြွေးကြော်ပြီး နေလိုက်သေးတယ်။

အဲဒီလို ကြုံးဝါးပြီးတော့ ရှားပင်တစ်ပင်ရဲ့ပင်စည်ကို ခြေဖျားနဲ့ ကုပ်တွယ်ထားလိုက်တယ်။ အရသာရှိတဲ့ အစားအစာတွေ ကို စားရတော့မှာပဲဆိုပြီး အင်မတန်မှလည်း ဝမ်းသာနေတယ်။ သွားရည်တွေတောင် ကျလို့ပေါ့။

သစ်တောက်ငှက်ဟာ သူ့ခြေဖျားနဲ့ကုပ်ကွယ်ထားတဲ့ ရှားပင်ရဲ့အခေါက်ကို သူ့နှုတ်သီးနဲ့ ဒေါက်ကနဲ ဒေါက်ကနဲ မြည်အောင်ခေါက်လိုက်တယ်။ သူ့နှုတ်သီး ကျင်ကနဲ ဖြစ်သွားတဲ့ ဝေဒနာကို မသက်မသာ ခံစားလိုက်ရတယ်။ ကျင်ကနဲ ဖြစ်သွား ပေမယ့် မမှုပါဘူး။ နောက်တစ်ခါ အားတင်းပြီး တစ်အားခေါက် လိုက်ပြန်ပါတယ်။ ဒီတစ်ခါတော့ သူ့နှုတ်သီးဟာ ပြောက်ကနဲ ကျိုးသွားတယ်။ ကျိုးရုံတာယ်ဟုတ်မလဲ။ သူ့နှုတ်သီးက သွေးတွေပါ စီးကျ လာတော့တာပါပဲ။ နာလိုက်တာကတော့ တဆစ်ဆစ်ကို



www.burmeseclassic.com

www.burmeseclassic.com



တန်သွားတာပဲ။ နာကျင်လွန်းလို့ သူမျှော်မှန်းထားတဲ့အစာတွေကို မစားနိုင်တော့ဘူး။

"သည်နေရာကို ငါနေလို့ မဖြစ်ပါလား" ဆိုတဲ့ အသိလည်း ဝင်လာပြီ။

"ငါ့ဖို့ မိခင်လက်ပံတောကြီးထဲကိုပဲ ပြန်တာကောင်းတယ်။ ငါပြန်မယ်"

သတိရပြီး မိခင်လက်ပံတောကြီးထဲ ပြန်လာခဲ့တယ်။ အမှန်မြင် သတိရပြီးပြန်လာတဲ့ သစ်တောက်ငှက်ကို သူ့မိတ်ဆွေရင်း သစ်တောက်ငှက်တွေက ဝမ်းသာအားရ ကြိုတာပေါ့။

"ငါမှားသွားတယ် သူငယ်ချင်းတို့၊ သူတစ်ပါးနေရာဒေသဟာ ဘယ်လောက်ပဲ အစာရေစာပေါပေါ ပျော်စရာဘယ်လောက်ပဲ ကောင်းကောင်း မိခင်နေရာဒေသလောက် စိတ်ချမ်းသာကိုယ်ချမ်းသာ မဖြစ်နိုင်ဘူးဆိုတာ ငါ့ကိုယ်တွေ့ ခံစားခဲ့ရတာပဲ"

သူ့အမှားကို ဝန်ချတောင်းပန်နေတော့ မိတ်ဆွေတွေက စိတ်မကောင်းကြဘူး။ အကြင်နာမျက်လုံးလေးတွေနဲ့ ကရုဏာသက်နေကြတယ်လေ။

"မကြာခင်မှာ မင်းရဲ့နှုတ်သီးပြန်ကောင်းမှာပါကွာ။



BURMESE CLASSIC .com



သည်အတောအတွင်း မင်းဘာမှ အားမငယ်နဲ့၊ တို့ရှာကျွေးမယ်။ မင်းနှုတ်သီးကောင်းသွားတဲ့အခါ တို့တတွေ ပျော်ပျော်ပါးပါး မြူးထူးပျံသန်းကြသေးတာပေါ့ကွာ"

မိတ်ဆွေတွေက အားပေးကြ၊ ယုယကြ၊ ကြင်နာကြလေ နောင်တရ ရှက်ရလေသူကတော့ မိခင်လက်ပံတောထဲကနေပြီး တခြားတစ်နေရာ ရှားတောဘက်ကို အလည်ကျူးမိတဲ့ သစ်တောက်ငှက်မိုက်ကလေးပါပဲကွယ် ...။

♣ ♣ ♣



www.burmeseclassic.com

www.burmeseclassic.com

## အရေးအကြောင်းဆို အတွေးကောင်းဖို့လို

ဟိုးရှေးအခါတုန်းက မျောက်ကလေးတစ်ကောင်ရှိသတဲ့။ အဲဒီမျောက်ကလေးက တစ်ခြားမျောက်တွေနဲ့ မတူဘူး။ တစ်ခြားမျောက်တွေထက်ထွားတယ်၊ ကျိုင်းတယ်။ ပေါ့ပါးသွက်လက်တာကလည်းအလွန်ပဲ။ အားကောင်းမောင်းသန် လျင်မြန်လွန်းလှတဲ့ အပြင် အသိဉာဏ် အမြော်အမြင်ဆင်ခြင်တုံတရားကလည်း **ကြီးမား**လွန်းလှပါပေရဲ့။ မျောက်တွေအားလုံးထက် ထူးခြားနေတဲ့ **မျောက်**ကလေးပါပဲ။

အဲဒီမျောက်ကလေးက တစ်ခြားမျောက်တွေနဲ့လည်းအတူ မနေဘူး။ သူတစ်ကောင်တည်းပဲ သီးခြားနေတယ်။ သူနေတဲ့နေရာ





ကတော့ မြစ်ကမ်းတစ်နေရာမှာပါပဲ။ အဲဒီမျောက်ကလေးနေတဲ့ မြစ်ရဲ့အလယ်မှာ ကျွန်းကြီးတစ်ကျွန်းရှိနေတယ်။ ကျွန်းဆိုတာက ရေပတ်လည်ဝန်းရံထားတဲ့ကုန်းမြေကို ခေါ်တာပါ။ အဲဒီကျွန်းပေါ်မှာ သရက်၊ မာလကာ၊ ဩဇာ၊ ပိန္နဲ၊ ပုက်ပျော၊ အုန်းစတဲ့ အသပ်ကြီးတွေက အများကြီးပဲ။

"မြစ်လယ်က ကျွန်းပေါ်မှာ ရှိနေတဲ့ အသီးတွေကို ခူးဆွတ်စားသုံးရပေတော့မယ်"

မြစ်ကမ်းနံဘေးမှာနေတဲ့ မျောက်ကလေးက ကျွန်းပေါ်မှာ ရှိနေတဲ့အသီးတွေကို ခူးဆွတ်စားသုံးဖို့ အကြံပေါ်လာတယ်။ မြစ်ကိုကျော်ဖြတ်ပြီးမှ ကျွန်းပေါ်ကို ရောက်နိုင်မယ်လေ။ ကျွန်းပေါ်ရောက်အောင် ဘယ်လိုသွားရမလဲဆိုတာ မျောက်ကလေးက စဉ်းစားတော့တာပါပဲ။ အဲဒီကျွန်းငယ်လေးရဲ့ဘေးမှာ အင်မတန်ကြီးမားလှတဲ့ ကျောက်ဖျာကြီးကိုလည်း မျောက်ကလေးက မြင်နေရတယ်။

"မြစ်ကမ်းနပူးကနေ ခုန်ကူးလိုက်ရင် ကျောက်ဖျာကြီးပေါ်ရောက်မှာပဲ။ ကျောက်ဖျာပေါ်ရောက်တော့မှ ကျွန်းပေါ်ကို ကူးသွားရမယ်"



www.burmeseclassic.com

www.burmeseclassic.com



မျောက်ကလေးက စဉ်းစားနေရင်းမှာပဲ အကြံပေါ်လာတယ်။ ပေါ်လာတဲ့အကြံအတိုင်း မြစ်ကမ်းနဘူးကနေအားယူပြီး လွှားခုန်လိုက်တာ ကျောက်ဖျာကြီးပေါ် ရောက်သွားပါလေရော။ ကျောက်ဖျာပေါ်ရောက်တာနဲ့ ကျွန်းပေါ်ကိုရောက်အောင် အပြေးသွားလိုက်တယ်။ ကျွန်းပေါ်ရောက်တော့ ကျွန်းပေါ်မှာရှိနေတဲ့ အပင်အမျိုးမျိုးက အသီးအမျိုးမျိုးကို ခူးဆွတ်ပြီး စားနေတော့တာပါပဲ။

"အင်မတန်မှ အရသာရှိလှပါကလား။ အနံ့အရသာကလည်း ချိုမွှေးနေတာ နတ်သုဒ္ဓါနဲ့တောင် မလဲနိုင်ပေဘူး"

မျောက်ကလေးက တွေ့ရာအပင်ပေါ်တက်ပြီး တွေ့ရာအသီးတွေကို ခူးဆွတ်စားနေတာပေါ့။ နတ်သုဒ္ဓါထက်ကောင်းတဲ့ အရသာကို တွေ့နေရတော့ မျောက်ကလေးပျော်နေတယ်။

ကျွန်းပေါ်ကို ဘယ်သူမှ မရောက်လာနိုင်ကြလေတော့ အပင်ပေါ်မှာသီးနေတဲ့ အသီးတွေက ပင်မှည့်တွေချည်းပဲ။ ပင်မှည့်က ပိုပြီးတော့ချိုတယ်။ ပိုပြီးတော့လည်း စားလို့ကောင်းတယ်။ မွှေးလိုက်တာကလည်း ကြိုင်နေတာပဲ။

"မိုးမချုပ်မီ ငါနေတဲ့နေရာရောက်အောင် ပြန်ရမယ်"

အသီးမျိုးစုံကို တစ်နေ့တာလုံး ခူးဆွတ်စားနေတယ်။





နေဝင်ကာနီးတော့ ကျောက်ဖျာပေါ်ကနေ မြစ်ကမ်းနဘူးရောက်အောင် ခုန်ပြီး ပြန်တော့တာပါပဲ။ နေ့စဉ်နေ့တိုင်း မိုးလင်းလာတာနဲ့ ကျွန်းပေါ်ကိုရောက်အောင် ပြန်သွားနေတဲ့မျောက်ကလေးကို မြစ်ထဲမှာ ရှိနေကြတဲ့ ငါးတွေ၊ ပုဇွန်တွေ၊ လိပ်တွေ၊ မိချောင်းတွေက မြင်နေရတာပေါ့။

"အမောင်မိချောင်း၊ ကျွန်းပေါ်ကို အရောက်သွားပြီး ကျွန်းပေါ်က သစ်သီးတွေကို နေ့တိုင်းလာစားနေတဲ့ ဟောဟိုက မျောက်ကလေးရဲ့ နှလုံးသားကို စားချင်လှပါပေတယ်။ အဲဒီမျောက်ကလေးရဲ့နှလုံးသားကို မစားရရင်ဖြင့် ရှောင်ကွဲလို့ သေပွဲဝင်ရပါလိမ့်မယ် မောင်တော်ရယ်"

မိချောင်းမလေးက သူ့လင်တော်မိချောင်းကို ပူဆာလာတယ်။

"ဒီအတွက်တော့ဖြင့် စိုးရိမ်ကြောင့်ကြ သောကတွေ မနေပါနဲ့နှမတော်။ နှမတော်အလိုရှိတော်မူတဲ့ အဲဒီမျောက်ရဲ့ နှလုံးသားကို မောင်တော်ကိုယ်တိုင် ဆောင်ကြဉ်းလို့ပေးပါ့မယ်"

လင်တော်မောင်မိချောင်းက ကြင်သက်လျာမိချောင်းမလေးရဲ့ဆိုသမျှကို အလိုကျဖြည့်ဆည်းပေးနေကျပဲ။ ကြင်ဖော်တော်မိချောင်းမလေးပူဆာလာတဲ့ မျောက်ကလေးရဲ့နှလုံးသားကို



www.burmeseclassic.com

www.burmeseclassic.com



ရယူပေးဖို့ အကြံထုတ်နေတာပေါ့။

"ဒီမျောက်ကလေးက ကျွန်းပေါ်ကနေ ကျောက်ဖျာပေါ် လာတယ်။ ကျောက်ဖျာပေါ်ကနေပြီးမှ မြစ်ကမ်းတစ်ဖက်ကို ခုန်ကူး သွားနေကျပဲ။ ရေစပ်က ကျောက်ဖျာအောက်ရေစပ်မှာ စောင့်နေပြီး ကျောက်ဖျာပေါ်ကို မျောက်ကလေးရောက်တာနဲ့ ဖမ်းယူရမယ်။ ဖမ်းမိတာနဲ့ မျောက်ကို အသေသတ်ကိုက်ဖြတ်ပြီး သူ့ရင်ထဲက နှလုံးသားကို ထုတ်ယူရမယ်"

လင်တော်မောင်မိချောင်းဖြစ်သူက ကျောက်ဖျာအောက် ရေစပ်မှာ ဝပ်ပြီးပုန်းနေလိုက်တယ်။ ကျောက်ဖျာကြီးပေါ်ကို မျောက် ကလေးရောက်လာမယ့်အချိန်အထိ စောင့်ပြီးနေတာပေါ့။

မျောက်ကလေးကလည်း အရင်နေ့တွေတုန်းကလိုပါပဲ။ တစ်နေ့လုံးအသီးတွေစားပြီးလို့ ပြန်ချိန်ရောက်လာတော့ ကျောက် ဖျာကြီးဆီကို သွားဖို့ခြေလှမ်းပြင်လိုက်တယ်။ ကျောက်ဖျာကြီးကို မြင်နေရတာပေါ့။

"အလို ... ဒီကနေ့မှာမှ ကျောက်ဖျာကြီးကထူးထူး ခြားခြား မြင့်တက်လို့နေပါရောလား။ ရေလည်းမတိုး၊ ရေလည်း မလျော့ဘဲနဲ့ ကျောက်ဖျာကြီးမြင့်တက်နေတာ ထူးဆန်းလှပါဘိ





တော့တယ်။ ငါ့ကိုအန္တရာယ်ပေးမယ့် အန္တရာယ်ကောင်ကများ ကျောက်ဖျာအောက်မှာဝပ်ပုန်းနေလို့ ကျောက်ဖျာကြီးမြင့်တက်နေ တာလား"

မျောက်ကလေးက ကျောက်ဖျာပေါ်ရောက်အောင် မသွား သေးဘူး။ အခါတိုင်းနေ့တွေထက် မြင့်တက်နေတဲ့ ကျောက်ဖျာ ကြီးကို ကြည့်ပြီးတွေးနေတယ်။ အင်မတန်သတိကောင်းတဲ့ မျောက် ကလေးပါပဲ။ ကျောက်ဖျာကြီးကိုကြည့်ပြီး တွေးနေရင်းက အသိတစ် ချက်ဝင်လာပါလေရော။

"ကျောက်ဖျာအောက်မှာ အန္တရာယ်ပေးနိုင်တဲ့ သတ္တဝါ ရှိ - မရှိ သိရအောင် ဥပါယ်တံမျဉ်နဲ့ ညာကျဲဆင်ရတော့မှာပဲ"

မျောက်ကလေးက ဘယ်လိုညာကျဲဆင်ရမလဲဆိုတာကို အကြံထုတ်တယ်။ အကြံထုတ်လိုက်တော့ အကြံကောင်းပေါ်လာ တာပေါ့။

"အို ... ကျောက်ဖျာကြီး၊ ဗျို့ ... ကျောက်ဖျာကြီး"

ကျွန်းပေါ်ကနေပြီးကျောက်ဖျာကြီးကို လှမ်းခေါ်လိုက်တယ်။

"ဗျို့ ကျောက်ဖျာကြီး" လို့ မျောက်ကလေး

အသံကို ကျောက်ဖျာအောက်မှာ ပုန်းနေတဲ့မိချောင်းက [illegible]



www.burmeseclassic.com

www.burmeseclassic.com



တာပေ့ါ။ မိချောင်းကအသံမပေးဘဲ ငြိမ်ပြီးနေလိုက်တယ်။

"ဗျို့ ကျောက်ဖျာကြီး၊ ဒီကနေ့ နှုတ်ဆိတ်လှချည့်လားဗျ ကျွန်ုပ်ခေါ်တာကို မကြားလို့လား"

မျောက်ကလေးက ကျောက်ဖျာကြီးကို ထပ်ပြီးအော်ပြောလိုက်တယ်။ မျောက်ပြောနေတာကို ကြားနေရတဲ့ မိချောင်းက အတွေးတစ်ခုဝင်လာပါလေရော။

"ကေန္တကျောက်ဖျာကြီးက စကားပြောတတ်နေတာဖြစ်ရမယ်။ မျောက်ကလေးခေါ်နေတာကို မထူးဘဲ နှုတ်ပိတ်နေတာက ငါရှိနေတယ်ဆိုတာ သိအောင်လုပ်နေတာပဲ ဖြစ်ရမယ်။ ငါရှိနေတာသိရင် ကျောက်ဖျာပေါ်ကို မျောက်ကလေးလာမှာ မဟုတ်တော့ဘူး။ ဒီတော့ ကျောက်ဖျာကြီးက မပြောရင် ငါကပြောရတော့မှာပဲ"

ဒီတစ်ခါမျောက်ကလေးကခေါ်ရင် ပြန်ပြီးထူးလိုက်မယ်လို့ မိချောင်းကစဉ်းစားထားတယ်။

"ဗျို့...ကျောက်ဖျာကြီး၊ ကျွန်ုပ်ခေါ်နေတာကြားရဲ့လားဗျ"

မျောက်ကထပ်ပြီးအော်လိုက်တယ်။

" ဝူး ... ဝူး ... ဝူး"



ကျောက်ဖျာအောက်မှာ ပုန်းနေတဲ့မိချောင်းဟာ တဝူးဝူးအော်ပြီး အသံပေးလိုက်တော့တာပါပဲ။

"တဝူးဝူးအသံပေးနေတာဘယ်သူလဲဟေ့"

မျောက်ကလေးကမေးလိုက်တာပေ့ါ။

"ငါကွ၊ မိချောင်း"

"မင်းဘာလုပ်နေတာလဲဟေ့"

"မင်းရဲ့အသားကိုစားပြီး မင်းရင်ထဲက နှလုံးသားကိုယူမလို့ စောင့်နေတာ"

မိချောင်းက မထူးတော့ဘူးဆိုပြီး ရေအောက်ကနေလာပြီး ကျောက်ဖျာပေါ်မေးတင်လိုက်တော့တာပါပဲ။

"အဲဒီဆိုရင် ငါ့အကြံအောင်ပြီ။ ငါ့အသားနဲ့ငါ့နှလုံးသားကို ပေးလှူဖို့ ဆုံးဖြတ်ပြီးသားပါ။ ဘယ်သူလာပြီး အလှူခံမလဲလို့ အလှူခံပုဂ္ဂိုလ်ကို မျှော်နေတာ။ ခုတော့အတော်ပဲ၊ ငါ့အသားနဲ့ ငါ့နှလုံးသားကို အသင့်ထိပေးလှူတယ်။ ငါ့ကို သင်သာစရာမလိုပါဘူး။ သင့်ခံတွင်းထဲရောက်အောင် ငါဝင်ပေးပါမယ်။ သင့်ခံတွင်းထဲကို ငါဝင်လို့ရအောင်သာ သင့်ခံတွင်းကို ဖွင့်ထားပေးပါလော့"

www.burmeseclassic.com

www.burmeseclassic.com



မျောက်ကပြောတော့ မိချောင်းက သဘောတွေ့သွားတာပေါ့။ ဖမ်းစရာမလိုတဲ့ ခံတွင်းထဲအလိုလိုဝင်လာမယ့် မျောက်သားကို စားရတော့မယ်။ ရင်ထဲကနှလုံးသားကိုလည်း ရယူနိုင်တော့မယ်ဆိုပြီး မိချောင်းကဝမ်းသာနေတယ်။

"အဲဒီ ငါ့ရဲ့ခံတွင်းကို အသင်ဝင်လို့ရတဲ့အထိ ဖွင့်ဟပေးထားမယ်။ အသင်ဝင်လှည့်လော့"

မိချောင်းက သူ့ခံတွင်းကို အစွမ်းကုန်အောင် ဖြဲဟပေးလိုက်တော့တာပါပဲ။ မိချောင်းက သူ့ခံတွင်းကို ဖြဲဟလိုက်တာနဲ့ သူ့မျက်စိတွေက အလိုလို ပိတ်မိပြီးသား ဖြစ်နေတယ်။ မိချောင်းရဲ့ခံတွင်းဟတာနဲ့မျက်စိတွေကို ပိတ်မိနေပြီဆိုတာ မျောက်ကသိတယ်။ မိချောင်းခံတွင်းဟလိုက်တာနဲ့ တစ်ပြိုင်နက် ကျွန်းပေါ်ကနေ မိချောင်းရဲ့ခေါင်းပေါ်ရောက်အောင် လွှားကနဲခုန်တက်ပြီး မိချောင်းခေါင်းပေါ်ရောက်တာနဲ့ လျှပ်တပြက် အချိန်အတွင်းမှာပဲ လွှားကနဲ ထပ်ဆင့်ခုန်လိုက်တော့ မြစ်ကမ်းနဖူးပေါ်ရောက်သွားပါလေရောတဲ့ကွယ်။ မိချောင်းရဲ့ အသေသတ်ကိုက်ဖြတ်ခြင်းကိုခံရမယ့် အသက်အန္တရာယ်ဘေးက မျောက်ကလေး လွတ်မြောက်သွားတယ်။

မိတ်ဆွေစာပေ



အသက်အန္တရာယ်ဘေးက ဘာလို့လွတ်မြောက်ခဲ့ရသလဲဆိုရင် အရာရာကို သတိလက်လွတ် မဖြစ်ဘဲ စဉ်းစားဆင်ခြင်မြော်မြင်နိုင်တဲ့ အသိဉာဏ်ကြောင့်ပဲ မဟုတ်ပါလားကွယ် ...။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

# မာယာယောင်ချောက်

၁။

ဟိုး ... ရှေးအခါတုန်းက ဗာရဏာသီပြည့်ရှင်မင်းကြီးရဲ့ မိဖုရားခေါင်ကြီးကတော့ "ခေမာဒေဝီ" ပါပဲ။ ခေမာဒေဝီမိဖုရားခေါင်ကြီးရဲ့ဆိုသမျှအလိုကျဖြစ်အောင် ဖြည့်ဆည်းပေးတော်မူနေတာက ဗာရာဏာသီပြည့်ရှင်မင်းကြီးပါ။

တစ်နေ့သောည စက်ရာဆောင်ပြောင်နန်းမှာ ခေမာဒေဝီ မိဖုရားခေါင်ကြီး စက်တော်ခေါ်လို့ နေတော်မူတယ်။ စက်တော်ခေါ်နေစဉ်မှာတော့ ဥဒေါင်းမင်းကြီး ဟောကြားတော်မူတဲ့ တရား





တော်မြတ်ကို နာယူရတယ်လို့ အိပ်မက်တော်မြင်မက်တော်မူပါတယ်။

"ဥဒေါင်းမင်းကြီး ဟောကြားတော်မူတဲ့ တရားတော်မြတ်ကို နာယူချင်လိုက်ပါဘိတော့"

ခေမာဒေဝီမိဖုရားကြီးက အိပ်မက်တော်ထဲမှာ နာယူခဲ့ရတဲ့ ဥဒေါင်းမင်းကြီးရဲ့တရားတော်ကို ကြည်ညိုစွဲလမ်းနေတော့တယ်။ ဥဒေါင်းမင်းကြီးရဲ့တရားတော်ကို နာယူချင်တဲ့ အာသီသကပြင်းပြလာတယ်။ နေ့စဉ်အမျှ ချပ်ခြင်းတပ်မဲ့ရတာကတော့ ဥဒေါင်းမင်းကြီး ဟောကြားတော်မူတဲ့ တရားတော်မြတ်ကိုပါပဲ။ ချပ်ခြင်းတနေ့ပေမယ့် အလိုဆန္ဒအာသီသက ပြည့်ဝမလာဘူး။ အလိုဆန္ဒမပြည့်တာကြောင့် စိတ်နှလုံးက နုံးချည့်ချွေးသွေးလာတယ်။ မအိပ်နိုင် မစားနိုင် တမှိုင်မှိုင် တငေးငေးနဲ့ ဆွေးဆွေးပူပူ ဖြစ်နေတော့တာပါပဲ။

တစ်နေ့တစ်ခြား ပိန်လှီခွေနုံး နှလုံးချည့်နွမ်းပူပုံပန်းနေတော်မူတဲ့ ခေမာဒေဝီမိဖုရားကြီးကို ဗာရာဏာသီပြည့်ရှင်မင်းကြီးက မြင်တွေ့တော်မူနေရတယ်။ မိဖုရားခေါင်ကြီးရဲ့ဖြစ်အင်ကိုကြည့်ပြီး ဗာရာဏာသီပြည့်ရှင်မင်းကြီးရင်ထဲမှာလည်း မချိအောင် ပူလောင်လွန်းလှတယ်။



www.burmeseclassic.com

www.burmeseclassic.com



"နမဲတော် ... ဘာကိုအလိုမကျလို့ မရွှင်မပျဖြစ်တော်မူနေရတာလဲ"

ဗာရာဏသီပြည့်ရှင်မင်းကြီးက မေးမြန်းတော်မူတော့တာပေါ့ပဲ။

"မှန်လှပါဘောင်တော်ဘုရား။ နမဲတော်ရဲ့အလိုတော်ဆန္ဒအာသီသကို လျှောက်ထားခွင့်ပြုတော်မူပါဘုရား"

ဗာရာဏသီပြည့်ရှင်မင်းကြီးက လျှောက်ထားပန်ကြားဖို့ ခွင့်ပြုတော်မူလိုက်တယ်။

"ဟိမဝန္တာတောကြီးထဲမှာ ဟိရညဒဏ္ဍကတောင်တော်ကြီးရှိပါတယ်ဘုရား။ အဲဒီတောင်တော်ပေါ်မှာ စံမြန်းတော်မူနေတဲ့ ဥဒေါင်းငှက်မင်းကြီးရဲ့တရားတော်ကို နာယူလိုတော်မူလှတဲ့ ဆန္ဒပြင်းပြတော်မူလှပါတယ်ဘုရား ... ဥဒေါင်းမင်းရဲ့တရားတော်ကို မနာယူရရင် နမဲတော်ခမျာမှာ ရှေရှင်ကွဲလို့ သေပွဲဝင်ရပါလိမ့်မယ်ဘုရား"

ခေမာဒေဝီမိဖုရားကြီးက ချင်ခြင်းတနေရတဲ့ သူ့ရဲ့အာသီသဆန္ဒကို ထုတ်ဖော်ပန်ကြားလျှောက်ထားတော်မူလိုက်တယ်။

"ဒီကိစ္စအရေးအတွက် ပူဆွေးကြောင့်ကြသောကမျှ [illegible]





ပါနဲ့ နမဲတော်။ နမဲတော်ဆိုသမျှ အလိုကျဖြစ်စေတော်မူရပါစေမယ်"

ဗာရာဏသီပြည့်ရှင်မင်းကြီးက အာမခံလိုက်တာပေါ့။

× × ×

၂။

ဒူ ... ဒူ ... ဒူ ... ဒူ ...

"ဗာရာဏသီပြည်အတွင်း မှီတင်းနေထိုင်ကြကုန်သော မုဆိုးအပေါင်းတို့ ... ယခုချက်ချင်းဘုရင်မင်းမြတ်ရဲ့ ရှေ့နန်းတော်အတွင်းသို့ ဝင်ရောက်ခစားကြစေ ...ဒူ...ဒူ...ဒူ...ဒူ"

မင်းစေလုလင်တစ်ဦးက ကြေညာမောင်းခတ်လိုက်ပါလေရော။ မုဆိုးတွေအားလုံး ဗာရာဏသီပြည့်ရှင်မင်းကြီးရဲ့ ရှေ့တော်မှောက် အခစားရောက်လာကြပြီ။

"မုဆိုးအပေါင်းတို့ ... ဟိမဝန္တာတောထဲက ဟိရညဒဏ္ဍကတောင်တော်ပေါ်မှာရှိနေတဲ့ ဥဒေါင်းမင်းကို မထိမရှ မသေစေရအောင် အရှင်လတ်လတ် ဆောင်ကြဉ်းပြီး ငါ့လက်အတွင်းသို့



www.burmeseclassic.com

www.burmeseclassic.com



အပ်နှင်း ဆက်သပေတော်မူရမယ်။ ဥဒေါင်းမင်းကို ဆောင်ကြဉ်းဆက် သန့်ပေတော်မူတဲ့သူအား ဆုတော်လာဘ်တော်များ ချီးမြှင့်မြှောက်စား တော်မူမယ်”

ဗာရာဏသီပြည့်ရှင်မင်းကြီးက မုဆိုးအပေါင်းကို မိန့် ကြားလိုက်တယ်။ ဘုရင်မင်းမြတ်ရဲ့အမိန့်တော်ကို နာခံပြီး မုဆိုးတွေ အားလုံး ဟိမဝန္တာတောဘက်ပြေးတက်လို့ သွားကြတော့တာ ပါပဲ။ ဟိမဝန္တာတောထဲရောက်တာနဲ့ ဟိရညဒဏ္ဍကတောင် တော်ပေါ်မှာ စံပျော်နေတဲ့ ဥဒေါင်းမင်းကိုတော့ မြင်တွေ့ကြရ ပါရဲ့။ ဒါပေမယ့် ဥဒေါင်းမင်းကိုတော့ ဖမ်းဆီးလို့မရနိုင် ကြဘူး။

ဟိရညဒဏ္ဍကတောင်ပေါ်မှာ စံပျော်နေတဲ့ ဥဒေါင်း မင်းကြီးက နံနက်မိုးလင်းလို့ အိပ်တန်းကဆင်းတာနဲ့ တစ်ပြိုင် နက် “ဥဒေတယံ စက္ခုမာ ဧကရာဇာ” အစချီတဲ့ ဂါထာတော်ကို ရွတ်ဆိုတော်မူတယ်။ နေဝင်ပျိုးပြက် အိပ်တန်းတက်ချိန် ရောက် ပြန်တော့ “အပေတယံ စက္ခုမာ ဧကရာဇာ” အစချီတဲ့ဂါထာ တော်ကို ရွတ်ဆိုတော်မူပြန်ပါတယ်။ နေ့စဉ်နေ့တိုင်း မမေ့မ လျော့ဘဲ နံနက်ခင်းတိုင်းမှာ ဥဒေတယံဂါထာတော်ကို ရွတ်ဆို





တော်မူတယ်။ ညနေစောင်းလို့ အိပ်တန်းဝင်ချိန်ရောက်တော့ “အပေတယံ” ဂါထာတော်ကို ရွတ်ဆိုတော်မူတယ်။ အဲဒီ ဂါထာတော်တွေက မောရသုတ်ပရိတ်တရားတော်တွေပါပဲ။ မောရသုတ်ပရိတ်တရားတော်ရဲ့တန်ခိုးအာနုဘော်ကြောင့် ဘေးကင်း ရန်ကွာ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ နေနိုင်တာပါ။ မုဆိုး တွေက ဘယ်လိုပင် ပရိယာယ်ဆင်ပြီး ဖမ်းပေမယ့် ဖမ်းလို့ မမိနိုင်ပါဘူး။

မုဆိုးတွေခများမှာ ဥဒေါင်းမင်းကြီးကိုဖမ်းမိလို့ရဖို့အရေး စောင့်ဆိုင်းနေရတာ ဟိမဝန္တာတောထဲမှာပဲ ခုနစ်နှစ်တိုင်တိုင် ကြာသွားပြီ။ မိဖုရားကြီးခမျာမှာလည်း ဥဒေါင်းမင်းရဲ့တရားတော် ကို နာရလိမ့်နိုးနိုး မျှော်ကိုးတောင့်တလာခဲ့ရတာ နှစ်ပေါင်းခုနစ်နှစ် တိုင်တိုင်ကြာညောင်းလာခဲ့ပြီပေါ့။

“ဥဒေါင်းမင်းဟောကြားတဲ့တရားတော်ကို နာယူချင် လိုက်တာ”

မိဖုရားကြီးခမျာမှာ တတမ်းတမ်း တတတနဲ့ နှမ်းလျှ ပူဆွေးသောကမအေးနိုင်တော့ဘူး။ ချင်ခြင်းမပြေ ဖျားပါလေတော့ နေရရှာတယ်။ စက်ရာထက်မှာပဲ လဲလျောင်းခွေနှံ့နှလုံးမသာ



www.burmeseclassic.com

www.burmeseclassic.com



က နှိပ်စက်နေတော့တာပါပဲ။

"ဥဒေါင်းမင်းကို ဆောင်ကြဉ်းလို့ မရနိုင်တော့ဘူး ထင်ပါရဲ့"

မရှင်နှလုံးနဲ့ လက်လျော့မိတဲ့အဆုံးမတော့ ရင်ကွဲနာကျ လို့ နတ်ရွာစံကံတော်ကုန်ရပါလေရော။

အချစ်ဆုံးအမြတ်ဆုံး မိဖုရားခေါင်ကြီးခေမာဒေဝီ ကံတော်ကုန်ပြီဆိုတော့ ဗာရာဏသီပြည့်ရှင်မင်းကြီးရဲ့ အသည်းနှလုံး တွေက ကြိမ်ကိုမီးအုံးထားသလိုမျိုး ခံစားနေရတယ်။

"ဥဒေါင်းမင်းရဲ့တရားကို မနာရလို့ ငါ့မိဖုရားကြီး သေဆုံးရတာ"

ဗာရာဏသီပြည့်ရှင်မင်းကြီးရဲ့ သောကအပူလုံးက ဥဒေါင်း မင်းကို အမုန်းကြီးမုန်းသွားတယ်။ ဒေါသခက်ထန် ရာဇမာန် နဲ့ ရန်ငြိုးဖွဲ့အကောက်ကြံတော့တာပါပဲ။ ဗာရာဏသီမင်းကြီး မှာ နတ်ရွာစံလို့ ကံတော်ကုန်တော့မယ့်အချိန်ကလည်း ရောက် လာပြီ။

အဲဒီအချိန်အထိ ဥဒေါင်းမင်းကိုလည်း ဖမ်းဆီးလို့မရနိုင် သေးဘူး။ နောက်ဆုံးမှာတော့ နန်းစဉ်မင်းဆက် တစ်ပါးပါးသော





မင်းရဲ့လက်ချက်နဲ့ အသက်သေရအောင် သေကြောင်းကြံပါ တော့တယ်။

"ဟိမဝန္တာတောမှာရှိတဲ့ ဟိရညဒဏ္ဍကတောင်ပေါ်က ဥဒေါင်းမင်းရဲ့အသားကိုစားသောသူသည် အိုနာသေရေး ဘေးမှ ကင်းဝေးရလတ္တံ့"

ဗာရာဏသီမင်းကြီးက ရွှေပုရပိုက်ပေါ်မှာ ရွှေကညစ်နဲ့ ကဗ္ဗည်းစာရေးထိုးလိုက်ပြီး ရွှေနန်းတော်ထဲမှာ ထားရစ်ခဲ့တယ်။ ဗာရာဏသီမင်းကြီးလည်း နတ်ရွာစံပါလေရော။

× × ×

၃။

ဗာရာဏသီမင်းကြီး နတ်ရွာစံပြီးနောက် ဗာရာဏသီပြည် ကို စိုးစံတော်မူလာတဲ့မင်းက ရွှေပုရပိုက်တော်ကိုတွေ့တယ်။ ရွှေပုရပိုက်တော်ထဲမှာ ပါတဲ့ကမ္ပည်းစာအတိုင်း ဥဒေါင်းမင်းရဲ့အသား ကို စားလိုတော်မူတယ်။ ဥဒေါင်းမင်းကို ဖမ်းဖို့အမိန့်ထုတ်ပြီး အမျိုးမျိုးကြံစည်သော်လည်း မအောင်မြင်ပါဘူး။ နန်းသက်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ဆက်တိုင်အောင် မင်းအပေါင်းတို့က ဥဒေါင်းမင်းရဲ့အသားကို စားချင်လို့ ဖမ်းဆီးကြတယ်။

နှစ်ပေါင်းခုနစ်ရာကျော်တိုင်အောင် ဖမ်းဆီးကြပေမယ့် ဖမ်းဆီးလို့မရနိုင်ဘူး။ ဥဒေါင်းမင်းနေ့ညမပျက် ရွတ်ဖတ်သရဇ္ဈာယ်နေတဲ့ ဥဒေတယံ၊ အပေတယံ ဂါထာတော်ပါ မောရသုတ်ပရိတ်တော်ရဲ့ တန်ခိုးတော်က အင်မတန်မှ အစွမ်းထက်လှတယ်။ မောရပရိတ်တော်ရဲ့ တန်ခိုးတော်က စောင့်ရှောက်နေတာကြောင့် ဥဒေါင်းမင်းကိုဖမ်းလို့ မရနိုင်တာပါပဲ။

တစ်နေ့မှာတော့ မုဆိုးတစ်ဦးက ဥဒေါင်းမင်းကိုဖမ်းလို့ ရမယ့်အရေး အကြံထုတ်တယ်။

"ဥဒေါင်းမင်းက နံနက်မိုးလင်းအိပ်တန်းဆင်းတာနဲ့ ဥဒေတယံ ဂါထာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူတယ်။ ညချမ်းနေရီ အိပ်တန်းတက်ပြီဆိုတော့လည်း အပေတယံဂါထာတော်ကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူတယ်။ ဒီဂါထာတော်တွေရဲ့ တန်ခိုးက ဥဒေါင်းမင်းကို ကာကွယ်စောင့်ရှောက်နေတာပဲဖြစ်ရမယ်။ ဒီအကာအကွယ် အစောင့်အရှောက်တွေ ပျက်စီးသွားအောင် ဖျက်ဆီးနိုင်ရင်အလွယ်တကူ ဖမ်းဆီးလို့ရနိုင်မှာပဲ"





ဥဒေါင်းမင်းကို ဖမ်းဆီးလို့ရနိုင်မယ့် အကြံတစ်ခုရသွားတယ်။

အဲဒီမုဆိုးကြီးက အင်မတန်ချောမောလှပတဲ့ ဥဒေါင်းပျိုမလေးတစ်ကောင်ကို ရှာဖွေပြီး ဖမ်းဆီးလိုက်တယ်။ ဥဒေါင်းပျိုမလေးကို သာယာချိုအေးတွန်သံပေးတတ်အောင် သင်ပေးတယ်။ ကြည့်လို့မဝ ရှုလို့မဝနိုင်အောင် ကတတ်လာဖို့ အကသင်ပေးလိုက်တယ်။ သင်ပေးသမျှ တတ်မြောက်လာပြီဆိုတော့ မုဆိုးကြီးက သူ့အကြံအစည်ကို အကောင်အထည်ဖော်တော့တာပါပဲ။

နံနက်မိုးလင်းလို့ အိပ်တန်းဆင်းကာနီး အချိန်လည်းရောက်ရော ဥဒေါင်းပျိုမလေးကို တွန်ကျူးစေလိုက်တယ်။

"အလို ... အင်မတန်မှ သာယာကြည်အေးလှတဲ့ အသံကလေးပါလား"

ဥဒေါင်းပျိုမလေးရဲ့ တွန်သံကိုကြားလိုက်ရတာနဲ့ တစ်ပြိုင်နက် ဥဒေါင်းမင်းရဲ့စိတ်က ဥဒေါင်းပျိုမလေးအပေါ် တိမ်းညွှတ်သွားပါလေရော။ ဥဒေါင်းပျိုမလေးကလည်း ထပ်ကာထပ်ကာ တွန်သံပေးနေတာပေါ့။ ဥဒေါင်းမင်းကြီးကတော့ ဥဒေါင်းပျိုမလေး တွန်ကျူးနေတဲ့အသံထဲမှာ သာယာမိန်းမောနေတော့တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



အိပ်တန်းဆင်းတာနဲ့ရွတ်ဆိုနေကျ ဥဒေတယံဂါထာတော်ကို ရွတ်ဆိုဖို့ မေ့နေပြီ။ ဥဒေတယံဂါထာတော်ကို မရွတ်ဆိုဖြစ်တော့ဘူး။

အိုး … ဝေ … အိုး … ဝေ … အိုး … ဝေ

ဥဒေါင်းပျိုမလေးရဲ့ ချွဲချွဲနွဲ့နွဲ့ တွန်သံသဲ့သဲ့လေးကိုပဲ စွဲလမ်းနေတယ်။

"ဟဲ့ … ဥဒေါင်းပျိုမလေး၊ တွန်သံချည်းပေးမနေနဲ့ဦး။ ကပြလိုက်စမ်းပါဦးလေ"

မုဆိုးကြီးခိုင်းစေတဲ့အတိုင်း ဥဒေါင်းပျိုမလေးက ကပြလိုက်ပြန်တယ်။

"အလို … ငြိမ့်ငြိမ့်ညောင်းညောင်းနဲ့ အကကောင်းလှပါဘိကောင်း၊ အင်မတန်မှလည်းလှ၊ အင်မတန်မှလည်း အကကောင်းတဲ့ ဥဒေါင်းမလေးပေပဲ"

ဥဒေါင်းမင်းကြီးက ဥဒေါင်းပျိုမလေး ကနေတာကို မြင်နေရတာပေါ့။ ဥဒေါင်းပျိုမလေး ကနေတာကို ကြည့်လို့မဝနိုင်ဘဲ ဖြစ်နေပြီ။ ဥဒေါင်းမလေးကလည်း တွန်သံပေးလိုက်၊ ကလိုက်နဲ့ ဥဒေါင်းမင်းကြီးကို ညို့ယူဖမ်းစားနေတော့တာပဲ။



ဥဒေါင်းမင်းကြီးခမျာမှာ ဥဒေါင်းပျိုမလေးက အသံ၊ အက၊ အဆင်းနဲ့ဖမ်းစားနေတာကို ရုန်းမထွက်နိုင်တော့ဘူး။ နေလုံးကွယ်လို့ အိပ်တန်းဝင်ချိန်ရောက်သွားတာကိုလည်း သတိမရတော့ဘူး။ အိပ်တန်းဝင်ကာနီးတိုင်း ရွတ်ဆိုနေကျ အပဂတယံဂါထာကိုလည်း မရွတ်ဆိုဖြစ်ပြန်တော့ဘူး။ ဥဒေါင်းပျိုမလေးကို ကမ်းညွှတ်တဲ့စိတ်နဲ့သတိလက်လွတ်ဖြစ်နေပြီ။

"ငါ့အကြံ မကြာခင်အောင်တော့မယ်"

နေ့စဉ်ပြုနေကျအမှုကို မပြုလုပ်နိုင်အောင် သတိလက်လွတ်ဖြစ်နေတဲ့ ဥဒေါင်းမင်းကိုကြည့်ပြီး မုဆိုးကြီးကတော့ ဝမ်းသာပျော်မြူးလို့ မဆုံးတော့ဘူး။ ဥဒေါင်းပျိုမလေးကို နေ့စဉ်ရက်ဆက်ခိုင်းစေလိုက်တော့ ဥဒေါင်းမင်းကြီးစောင့်ထိန်းနေတဲ့ သီလကကျိုးပေါက်ပျက်စီးသွားပြီ။ တွန်သံပေးရင်း ကပြနေတဲ့ ဥဒေါင်းပျိုမလေးထံ ရောက်လာပြီး ရွှေလည်တွဲလို့ ချစ်ပွဲဝင်နေတော့တာပါပဲ။

ဒီအချိန်အခါမျိုးမှာ ကျော့ကွင်းထောင်ပြီးဖမ်းဆီးလိုက်ရင် အလွယ်တကူရမယ်ဆိုတာကို မုဆိုးကြီးက သိနေတယ်။ ဒါပေမဲ့ အချိန်ဆိုင်းမနေတော့ဘဲ ဥဒေါင်းပျိုမလေးဆီလာမယ့်လမ်းကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းကွင်းထောင်ဘားလိုက်တယ်။

နောက်နေ့မိုးလင်းတာနဲ့ ဥဒေါင်းပျိုမလေးရဲ့ တွန်သံကို ကြားရတာနဲ့ ချက်ချင်းပဲ ဥဒေါင်းမင်းကြီးက ဥဒေါင်းပျိုမလေးဆီ ပြေးလာပါလေရော။ မုဆိုးကြီးထောင်ထားတဲ့ ကျော့ကွင်းထဲကို တန်းကနဲ တိုးဝင်မိသွားတော့တာပါပဲကွယ် .....။

♣ ♣ ♣



# စဉ်းလဲကောက်ကျစ် သေတွင်းနစ်

မြတ်စွာဘုရားဖြစ်တော်မမူခင် ဘုရားလောင်းဘဝကျန်းက ပေါ့ကွယ်။

ဘုရားလောင်းက မျောက်အမျိုးအနွယ်ဖြစ်ခဲ့ရသေးတယ်။ ဘုရားလောင်းနဲ့အတူ ဒေဝဒတ်လောင်းကလည်း မျောက်အမျိုး အနွယ်ထဲမှာပါပဲ။

တစ်ချိန်မှာ ဒေဝဒတ်လို့ဖြစ်လာမယ့်မျောက်က ... တောကြီးထဲမှာ မျောက်အပေါင်းကို ခေါင်းဆောင်ပြီး... ခေါင်းဆောင်ဖြစ်နေတဲ့ ဒေဝဒတ်မျောက်မင်းမှာ ... အများကြီး။ ဒေဝဒတ်လောင်းမျောက်မင်းနဲ့ ညာ...



www.burmeseclassic.com

www.burmeseclassic.com



တွေက မျောက်သားငယ်၊ မျောက်သမီးငယ်လေးတွေကို ဖွားမြင်ကြတယ်။ ဒေဝဒတ်လောင်းမျောက်မင်းက သူနဲ့ညားပြီး ဖွားလာတဲ့ မျောက်သမီးငယ်တွေကိုတော့ ရန်မမူဘူး။ မျောက်သားငယ်လေးတွေကိုတော့ အင်မတန်ရှုမုန်းတာပဲ။

"ဒင်းတို့ကြီးလာရင် ငါ့ကိုပုန်ကန်အန်တု ရန်ပြုလာပြီး ငါ့အရိုက်အရာကို လုယူကြမှာ မလွဲဘူး။ ငါ့အရိုက်အရာကို ဒင်းတို့ လုယူလို့မရနိုင်အောင် ဒင်းတို့အားလုံးကို ငယ်ငယ်ကလေးတည်းက ချိုးနှိမ်ထားရမယ်"

ဒေဝဒတ်မျောက်လောင်းက သူ့အတွေးနဲ့ပဲ မွေးလာတဲ့ သားအရင်းတွေကိုတောင်မှ အယုံအကြည်မရှိဘူး။ သူရထားတဲ့ အကြီးအကဲရာထူးကို လုယူကြမှာပဲလို့တွေးပြီး စိုးရိမ်ကြောင့်ကြနေတယ်။ စိုးရိမ်ကြောင့်ကြပူပန်ရလွန်းတဲ့စိတ်ကြောင့် မိမိရင်သွေးပါလားဆိုတဲ့ အသိကိုမေ့သွားတော့တာပါပဲ။

"ဒင်းတို့ကို ဝှေးစေ့ထုတ်ပြီး မျောက်ညှန့်တုံးအောင် လုပ်ထားရမယ်"

မွေးဖွားလာတဲ့ မျောက်သားငယ်လေးတွေမှန်သမျှရဲ့ ဝှေးစေ့တွေကို သူ့ပါးစပ်နဲ့ ကိုက်ဖြတ်ပစ်တော့တာပါပဲ။ ဒေဝဒတ်





လောင်း မျောက်မင်းရဲ့သားတော်အရင်းအချာ မျောက်ကလေးတွေခမျာမှာ ဝှေးစေ့မရှိတော့တာကြောင့် မျောက်ပြစ်ဆုံးရှုံး မျောက်ညှန့်တုံးကြ ရပါလေရော။

ဒီလိုနဲ့ ဒေဝဒတ်လောင်းမျောက်မင်းနဲ့ညားတဲ့ တစ်ခြားမျောက်မိဖုရားထံမှာ ကိုယ်ဝန်စွဲကပ်လာတယ်။ အဲဒီမျောက်မိဖုရားကတော့ သူ့မှာ ကိုယ်ဝန်စွဲကပ်နေပြီဆိုတာကို သိတာနဲ့တစ်ပြိုင်နက် ဒေဝဒတ်လောင်းမျောက်မင်းထံမှာ မနေတော့ဘူး။ သူနဲ့ဝေးရာ တောင်ခြေရင်းတစ်နေရာမှာ သွားနေတယ်။ ကိုယ်ဝန်ကရက်စေ့တော့ မျောက်သားလေးကို မွေးဖွားတယ်။ ဖွားမြင်လာတဲ့ မျောက်သားငယ်လေးကတော့ နောင်တစ်ချိန် ဘုရားအဖြစ်ကို ရတော်မူမယ့် ဘုရားလောင်းလေးပါပဲ။

ဘုရားလောင်းမျောက်ကလေးက တစ်စတစ်စနဲ့ အရွယ်ရလာပြီ။ ဘုရားလောင်းမျောက်ကလေးက ဆင်ပြောင်ကြီးရဲ့အားနဲ့ ညီမျှတဲ့ခွန်အားတွေရှိတယ်။ အရာရာကို ချင့်ချိန်မြော်မြင် ဆင်ခြင်နိုင်စွမ်းရှိတယ်။ နှလုံးရည်ကော လက်ရုံးရည်ပါ အားကောင်းလွန်းလှတဲ့ ဘုရားလောင်းမျောက်ကလေးပါပဲကွယ်။

"အို ... အမိ၊ ကျွန်ုပ်၏ဖခင်သည် အဘယ်မှာရှိ သနည်း"

www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မှာတော့ ဘုရားလောင်းမျောက်ကလေးက သူ့မိခင်ကြီးကို မေးတော့တာပါပဲ။

“အမောင်ရဲ့ဖခင်က ဟိုးအဝေးကြီးမှာရှိနေတဲ့ တောင်ခြေရင်းမှာ မျောက်အပေါင်းတို့ကို ခေါင်းဆောင်ပြီးတော့နေတယ်”

“ကျွန်ုပ်ကို ကျွန်ုပ်၏ဖခင်ထံသို့ ပို့ပေးတော်မူပါအမိ”

ဘုရားလောင်းမျောက်ကလေးက သူ့ဖခင်ဆီကို လိုက်ပို့ပေးဖို့ ပူဆာနေပြီ။ မိခင်ဖြစ်တဲ့မျောက်မကြီးက ဖခင်ကြီးဆီမသွားဖို့ကြောင်းကျိုးပြပြီး တားမြစ်တယ်။ ဘုရားလောင်းမျောက်မင်းကတော့ မိခင်ကြီးက ဘယ်လိုပင်တားတား၊ ဖခင်ကြီးထံကိုပဲသွားချင်နေတယ်။ ဘယ်လိုမှတားမရတော့တဲ့အဆုံးမှာတော့ မိခင်မျောက်မကြီးက သားတော်ဖြစ်တဲ့ ဘုရားလောင်းမျောက်ကလေးကိုလိုက်ပို့ပေးရတော့တာပါပဲ။ လာနေတဲ့ ဘုရားလောင်းမျောက်ကလေးကို ဖခင်ဖြစ်တဲ့ဒေဝဒတ်လောင်းမျောက်မင်းက မြင်နေရတယ်။

“ငါ့အတွက်ရတက်ထွေ အခက်ပွေ့ရအောင် ဒုက္ခပေးမယ့်သူကလေးပါလား။ ဒင်းလေးကတော့ တစ်ခြားမျောက်သားငယ်တွေလို ဝေးဝေ့ထုတ်ထားရုံနဲ့ စိတ်မချနိုင်ပေဘူး။ ဒင်းကို





အရှင်မထားဘဲ အသေသတ်ပစ်မှ ငါ့အတွက် ရန်အေးရမှာပဲ”

ဒေဝဒတ်လောင်းမျောက်မင်းမှာ သားအရင်းဖြစ်တဲ့ ဘုရားလောင်းမျောက်ကလေးကို မြင်နေရကတည်းက စိတ်ရိုင်းတွေဝင်လာတယ်။ သားအရင်းပါလားဆိုတဲ့ အသိမရှိတော့ဘူး။ ဥပါယ်တံမျဉ်ဉာဏ်ဆင်ပြီး အသေသတ်ဖို့ ကြံစည်တော့တာပါပဲ။

“အလို ... ငါ့သားတော်လေးပါလား။ ဖခမည်းတော်ဆီကိုမလာဘဲ နေနိုင်လိုက်တာသားရယ်။ ခုမှပဲ လာရရှာသလား”

ဒေဝဒတ်လောင်းမျောက်မင်းက ပလီပလာပြောပြီး ကိုယ်ကလူဟန်နဲ့ လည်ပင်းကို ဖက်လိုက်ပါတော့တယ်။ ဒေဝဒတ်လောင်းမျောက်မင်းက ဘုရားလောင်းမျောက်ငယ်လေးရဲ့ လည်ပင်းကိုသာသာယာယာဖက်နေတာတော့ မဟုတ်ဘူး။ ဘုရားလောင်းမျောက်ငယ်လေးရဲ့ လည်ပင်းကိုညှစ်ပြီးသတ်နေတာ။ ဘုရားလောင်းမျောက်ငယ်လေးက ဆင်ပြောင်လောက်အားရှိနေတာပဲ။ ဒေဝဒတ်လောင်းမျောက်မင်းက ရက်ရက်စက်စက် ညှစ်သတ်နေပေမယ့် အနာတရ မဖြစ်ဘူး။

ဘုရားလောင်းမျောက်ငယ်လေးကလည်း ဖခင်ဖြစ်တဲ့ ဒေဝဒတ်လောင်းမျောက်မင်းရဲ့လည်ပင်းကို ပြန်ဖက်ထားလိုက်[illegible]



www.burmeseclassic.com

www.burmeseclassic.com



တယ်။ ဖက်ထားတာကတော့ အသာအယာပါပဲ။ ဒါပေမယ့် ဆင်ပြောင်တစ်စီးရဲ့အားရှိနေတဲ့ ဘုရားလောင်းမျောက်မင်းဖက်ထားတာကို ဒေဝဒတ်လောင်းမျောက်မင်းမှာ မခံနိုင်တော့ဘူး။ အရိုးကွဲအက်ခြင်ဆီထွက်သွားသလားအောက်မေ့ရလောက်အောင် နာကျင်လွန်းနေတယ်။

ဘုရားလောင်းမျောက်ငယ်လေးရဲ့အင်အားကို မယှဉ်ပြိုင်ရဲတော့တာကြောင့် ဖက်ထားတဲ့သူ့လက်နှစ်ဘက်ကို လျှော့ပေးလိုက်ရရော။ ဘုရားလောင်းမျောက်ငယ်လေးကလည်း ဖက်ထားတဲ့သူ့လက်ကို လျှော့ပေးလိုက်ပါတယ်။

"ဒီလိုနဲ့တော့ ဒင်းကိုအသေသတ်လို့ရမှာ မဟုတ်ဘူး။ ဒင်းကို အသေသတ်လို့ရမယ့်နည်းရှာရမယ်"

ဒေဝဒတ်လောင်းမျောက်မင်းကတော့ သားအရင်းဖြစ်တဲ့ ဘုရားလောင်းမျောက်ငယ်လေးကို အသေသတ်လို့ရနိုင်မယ့် နည်းလမ်းရှာနေတော့တာပါပဲ။

"ဟုတ်ပြီ။ ဒင်းကိုဘီလူးလက် ဝကွက်အပ်ရမယ်။ ဒင်းရဲ့အသက် ဘီလူးရဲ့လက်ထဲမှာတင် ပျောက်သွားစေရမယ်"

ဒေဝဒတ်လောင်းမျောက်မင်းက ဘုရားလောင်းမျောက်ငယ်လေးကို ဘီလူးရဲ့အစာဖြစ်အောင် ကြံစည်ပါတော့တယ်။

"သားတော် ... ဖခမည်းတော်က အသက်အရွယ်အိုမင်းလို့ဇရာဘက်ကို နင်းနေပြီ။ စိတ်သွားတိုင်း ကိုယ်မပါနိုင်တော့ဘူး။ ဒါကြောင့် သားတော်လေးကို ဖခမည်းတော်ရဲ့အရိုက်အရာပေးပြီး ချီးမြှင့်မြှောက်စားတော်မူမယ်။ ဒီကနေ့မှာပဲ ဟောဒီနယ်တစ်ဝန်းလုံးမှာ ရှိနေတဲ့ မျောက်အပေါင်းရဲ့ ခေါင်းဆောင်အဖြစ် သားတော်ကို ပေးအပ်တော်မူမယ်။ ခမည်းတော်ရဲ့ အရိုက်အရာကို လက်မခံသေးခင်မှာ ဟောဟိုရေကန်ထဲမှာရှိနေတဲ့ ပဒုမ္မာကြာပန်းနှစ်ခိုင်နဲ့ ကုမုဒြာကြာပန်းနှစ်ခိုင်ကိုဆောင်ယူပြီး ဖခမည်းတော်ထံ ဆက်သပေးစမ်းပါ။ အဲဒီကြာပန်းနှစ်ခိုင်စီကို ဆက်သပြီးတာနဲ့ ခမည်းတော်ရဲ့ အရိုက်အရာကို ခံယူပါလေလော့"

"ကောင်းလှပါပြီ ခမည်းတော်။ ခမည်းတော်ရဲ့ အလိုဆန္ဒပြည့်ဝအောင် ဆောင်ကြဉ်းပေးပါ့မယ်"

ဘုရားလောင်းမျောက်ငယ်လေးက ဖခင်ဖြစ်တဲ့ ဒေဝဒတ်လောင်းမျောက်မင်းညွှန်ပြစေခိုင်းလိုက်တဲ့ ရေကန်အနီးကို ရောက်လာတယ်။ ဘုရားလောင်းမျောက်မင်းက ရေကန်ရဲ့ အနီးအဝိုက်ကို လှည့်လည်ကြည့်ရှုလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အလို ... ဒီရေကန်ကြီးက တယ်ပြီးထူးဆန်းလှပါကလား။ ကန်ထဲမှာ ဆင်းသွားတဲ့ ခြေရာတွေကိုပဲ တွေ့နေရတယ်။ ကန်ထဲက ပြန်တက်လာတဲ့ ခြေရာတွေကို လုံးဝမတွေ့ရဘူး။ ကေန္တ ဒီရေကန်ကို ဘီးလူက အပိုင်စားရထားဟန်တူရဲ့"

ဘုရားလောင်းမျောက်ငယ်လေးက သတိနဲ့ယှဉ်ပြီး အသိဝင်လာတယ်။ ဒါကြောင့်ကန်ထဲကို မဆင်းတော့ဘူး။ ကန်ထဲမှာရှိနေတဲ့ ကုမုဒြာနဲ့ ပဒုမ္မာကြာပန်းတွေကို ခူးယူလို့ရမယ့် နည်းလမ်းပေါ်လာအောင် စဉ်းစားနေတော့တာပါပဲ။ အချိန်အကြာကြီးစဉ်းစားနေစရာတောင်မလိုပါဘူး။ ကန်ထဲကိုမဆင်းဘဲနဲ့ ကန်ထဲက ကြာပန်းတွေကို ခူးယူလို့ရမယ့် နည်းလမ်းပေါ်လာတယ်။

ဘုရားလောင်းမျောက်ငယ်လေးက သွက်လက်လျင်မြန်တဲ့ အားကောင်းမောင်းသန်မဟုတ်လား။ ဒီတော့ ကန်စပ်ကနေ တစ်ဘက်ကမ်းကိုရောက်အောင် အားယူပြီး အရှိန်နဲ့လွှားကနဲခုန်လိုက်တယ်။ လွှားကနဲခုန်လိုက်လို့ ကန်လယ်ရောက်တာနဲ့ ကန်လယ်မှာရှိနေတဲ့ ပဒုမ္မာကြာပန်းနှစ်ခိုင်ကို လှစ်ကနဲချိုးယူလိုက်တာပေါ့။ သူ့လက်နှစ်ဘက်ထဲမှာ ပဒုမ္မာကြာပန်းတစ်ခိုင်စီကို ကိုင်ရင်းနဲ့ပဲ တစ်ဖက်ကမ်းဘက် ရောက်သွားပါလေရော။ တစ်ဖက်





ကမ်းကိုရောက်တော့ လက်ထဲမှာပါလာတဲ့ ပဒုမ္မာကြာပန်းနှစ်ခိုင်ကို ပါးစပ်နဲ့ကိုက်ထားလိုက်တယ်။ အဲဒီတစ်ဖက်ကမ်းကနေ လွှားကနဲခုန်လိုက်ပြန်ပါရော။ ကန်လယ်ရောက်တာနဲ့ ကုမုဒြာကြာပန်းနှစ်ခိုင်ကို လှစ်ကနဲချိုးယူပြီး ကမ်းဘက်ကိုရောက်လာတယ်။

ကန်ထဲမဆင်းရဘဲနဲ့ ကုမုဒြာကြာပန်းနှစ်ခိုင်ကိုရော ပဒုမ္မာကြာပန်းနှစ်ခိုင်ကိုပါ ခူးဆွတ်လို့ရသွားတယ်။ ဒါကို ကန်စောင့်ဘီလူးကမြင်နေရတယ်။ ကန်စောင့်ဘီလူးက ရေထဲဆင်းတဲ့သူကိုပဲ အပိုင်စားလို့ရတယ်။ ရေထဲမဆင်းဘဲနဲ့ ရေပြင်အထက်ကနေပြီး ကြာပန်းတွေကို ခူးယူသွားတဲ့ ဘုရားလောင်းမျောက်ငယ်လေးကို စားလို့မရဘူး။

"ဒီမျောက်ငယ်လေးက စဉ်းစားမြော်မြင်ဆင်ခြင်နိုင်စွမ်းရှိလှပါကလား။ ရဲစွမ်းသတ္တိနဲ့အားမာန်ကလည်း ကြီးမားလွန်းလှပါဘိတော့တယ်။ အားကောင်းမာန်ဝင့်ဘုန်းရှိန်ကံရှိန်မြင့်တဲ့သူပေပဲ။ သူ့ထံကို ဆည်းကပ်ခစားရမယ်"

ကန်စောင့်ဘီလူးက ကြာပန်းခိုင်တွေကို ကိုင်ထားတဲ့ ရေကန်နားက ဘုရားလောင်းမျောက်ငယ်လေးကို ကြည့်ပြီးအံ့ဩဘနန်းအထူးအဆန်း ဖြစ်နေတယ်။ ကြည်ညိုအားကိုးနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပေါ်လာတယ်။ ဒါကြောင့် ဘုရားလောင်းမျောက်ငယ်လေးထံ ချဉ်းကပ်လာတော့တာပါပဲ။

"ဘယ်အရေး ဘယ်အခင်းကြောင့် ကျွန်ုပ်ပိုင်နက် ကန်တွင်းက ကြာပန်းတွေကို ခူးယူရတာလဲဆိုတာ သိပါရစေ"

ကန်စောင့်ဘီလူးက ဘုရားလောင်းမျောက်ငယ်လေးထံ ရောက်လာပြီး ပဋိသန္ဓာရစကားစလိုက်တယ်။

"ကျွန်ုပ်ရဲ့ဖခင်က ဒီကနေ့မှာပဲ မျောက်အပေါင်းရဲ့ ခေါင်းဆောင်အဖြစ် ကျွန်ုပ်ထံကို လွှဲပြောင်းပေးအပ်တော်မူမယ်လို့ မိန့်ကြားတော်မူပါတယ်။ ဖခင်ကြီးက သူ့အရိုက်အရာကို မပိုင်စားရသေးခင်လေးမှာ အသင်ပိုင်စံရာ ကန်အလယ်က ပဒုမ္မာကြာပန်းနှစ်ခိုင်နဲ့ ကုမုဒြာကြာပန်းနှစ်ခိုင်ကိုခူးယူပြီး ဆက်သပေးရမယ်လို့လဲ မိန့်ကြားပြန်ပါတယ်။ ဒါကြောင့်အသင့်ရဲ့ဘေးရန်အန္တရာယ်နဲ့လည်း လွတ်ကင်းအောင် ကြံစည်ပြီး ယခုလိုခူးဆွတ်လိုက်ရခြင်းပဲဖြစ်ပါတယ်"

ကန်စောင့်ဘီလူးက ဘုရားလောင်းမျောက်ငယ်လေးရဲ့ စကားကိုကြားလိုက်ရတော့ ကြည်ညိုအားကိုးလို့တဲ့စိတ်က ပိုပြီး ထက်သန်လာတယ်။





"မကြာမတင်မှာ ခေါင်းဆောင်အရှင်ဖြစ်ရတော့မယ့် အရှင့်အနေဖြင့် ကြာပန်းခိုင်တွေကို ကိုယ်တိုင်ဆောင်ယူခြင်းဟာ မသင့်တော်လှပါဘူး။ ကျွန်တော်မျိုးကိုယ်တိုင် ယူဆောင်ပြီး အရှင့်နောက်တော်ပါးက လိုက်ခဲ့ပါရစေ"

ကန်စောင့်ဘီလူးက ကြာပန်းခိုင်တွေကို ယူဆောင်ပြီး ဘုရားလောင်းမျောက်ငယ်လေးရဲ့နောက်မှာ လိုက်ပါလာတယ်။ ဘုရားလောင်းမျောက်ငယ်လေးနဲ့ ကြာပန်းခိုင်တွေကို ယူဆောင်ပြီး နောက်ကလိုက်ပါလာတဲ့ ကန်စောင့်ဘီလူးတို့ လာနေကြတာကို ဒေဝဒတ်လောင်းမျောက်မင်းကြီးက မြင်နေရတာပေါ့။

"အလို ဒင်းကလေးက ဘီလူးရဲ့အစာမဖြစ်တဲ့အပြင် ဘီလူးကိုပင် အစေအပါးအဖြစ် ခေါ်ဆောင်လို့ လာပါရောလား။ မကြာမတင်မှာ ငါပင်ပျက်စီးရတော့မှာပါကလား" ဒေဝဒတ်လောင်းမျောက်မင်းကြီးမှာ စိုးရိမ်သောက ကြောင့်ကြပူပန်လာတဲ့အပြင် ထိတ်လန့်ကြောက်ရွံ့ပြီး တုန်လှုပ်ချောက်ချားလာတယ်။ တစ်ခဏ ...င်းမှာပင် အရုပ်ကြိုးပြတ်သလိုမျိုး မတ်တတ်ကလဲပြီး သေပွဲဝင် သွားရပါလေရော ......။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

## တူသောအကျိုး

ဟိုး ... ရှေးအခါတုန်းက ရွာတစ်ရွာမှာပေါ့ကွယ်။ ကြွယ်နဲ့ လေယ်ဆိုတဲ့ လူနှစ်ယောက်ရှိပါတယ်။

ကြွယ်က အလုပ်ကို ကြိုးစားလုပ်တယ်။ မျိုးခြံချွေတာပြီးသုံးတယ်။ ပိုငွေလေးတွေကို အရင်းအနှီးပြုပြီး စုဆောင်းတဲ့သူပါ။ လေယ်ကတော့အလုပ်ကို လက်ကြောတင်းအောင် မလုပ်ဘူး။ အနိုင်အထက်ပြုပြီးတော့ သူတစ်ပါးဆီက တောင်းယူတယ်။ သူတစ်ပါးက သဒ္ဓါတာဖြစ်စေ၊ မသဒ္ဓါတာဖြစ်စေ အရယူတဲ့သူပဲ။

အလုပ်ကို ကြိုးစားလုပ်တဲ့ ကြွယ်က စိတ်ရင်းကောင်းသလို စေတနာလည်း ကောင်းတယ်။ သူတစ်ပါးအပေါ်ကိုလည်း





သနားကြင်နာတတ်တယ်။

"သြော်...ကုသိုလ်ကံအကြောင်းမလှလို့ ဆင်းရဲတဲ့ဘဝရောက်နေရရှာပါကလား။ သနားစရာကောင်းလှပါဘိတော့တယ်"

ကြွယ်က ဆင်းရဲနွမ်းပါးတဲ့သူတွေကိုတွေ့ရင် ကရုဏာသက်ပြီး ပေးကမ်းစွန့်ကြဲတော့တာပါပဲ။ ပေးကမ်းစွန့်ကြဲလိုက်ရတာကို ပီတိဖြစ်ပြီး ကျေနပ်နေတယ်။

"ဘုန်းကြီးလို့ အသက်ရှည်ပါစေ။ စည်းစိမ်ဥစ္စာ ရတနာရွှေငွေတွေ ကြွယ်ဝချမ်းသာပါစေ။ ဘဝအဆက်ဆက်မှာလည်း လှူနိုင် ပေးနိုင် ကမ်းနိုင်တဲ့သူ ဖြစ်ပါစေ"

ကြွယ်ပေးကမ်းစွန့်ကြဲတာကို လက်ခံရရှိတဲ့သူတိုင်းက ဝမ်းသာအားရနဲ့ ဆုတောင်းပေးကြတယ်။ စေတနာသဒ္ဓါတရားထက်သန်လှတဲ့ ကြွယ်ကို လူတိုင်းက ချစ်ခင်လေးစားကြတယ်။ အားကိုးကြည်ညိုကြတယ်။

လေယ်ကတော့ ကြွယ်လိုမဟုတ်ဘူးတဲ့။

လေယ်က သူတစ်ပါးပေးရမှာကို နှမြောတွန့်တိုတယ်။ သူတစ်ပါးဆီကပဲ ရအောင်ယူတယ်။ သူက ပေးရကောင်းမှန်း မသိဘူး။ အချောင်လိုချင်တဲ့ လောဘသမားပါပဲ။ ရွာထဲမှာတော်



www.burmeseclassic.com

www.burmeseclassic.com



လည်ရင်းနဲ့ သူလိုချင်တာကို တွေ့လို့ကတော့ မရမကတောင်းယူတယ်။ တန်ရာတန်ကြေးပေးပြီးတော့ တောင်းယူတာ မဟုတ်ဘူး။ အလကားတောင်းပြီးယူတာ။ မရရင် ရန်လုပ်ရော။

"မင်းတို့ရဲ့ ဒီပစ္စည်းလေးက ဘယ်လောက်တန်တာမို့လဲကွ။ မင်းတို့ပစ္စည်းလေးကျတော့ သိတတ်ကြတယ်ပေါ့။ ဘာတန်ဖိုးမှ မရှိတဲ့ မင်းတို့ပစ္စည်းကို မပေးချင်လည်း ရပါတယ်။ အေးမျှ... နောက်ကျတော့မှ ငါ့ဆီလာပြီး ဆန်လေး ဆီလေး အကြွေးပေးပါဦးလို့ လာမတောင်းနဲ့။ မရဘူးမှတ်ဟေ့"

လေယ်က သူလိုချင်တာကို မရဘူးဆိုရင် အဲသလို ကြိမ်းတဲ့မောင်းတဲ့သူ။ သူ့ဆီကယူတဲ့ ဆန်ကြွေး ဆီကြွေးဆိုတာကလည်း အလကားရတာ မဟုတ်ပါဘူး။ အကြွေးပြန်ဆပ်တဲ့အခါမှာ တန်ရာတန်ကြေးထက် သုံးဆလောက် ပြန်ပေးရတယ်။ မရှိဆင်းရဲသားတွေအပေါ် မတော်လောဘက တအားကြီးကို ကြီးလွန်းတယ်။ လေယ်နဲ့က မကောင်းနိုင်လို့သာ ဆက်ဆံနေကြရတာ။ စိတ်ထဲကတော့ အောင့်သက်သက်ပဲ။

ဒီလိုနဲ့ပဲ တစ်နေ့မှာတော့ ကြွေယ်နဲ့ လေယ်တို့နေတဲ့ ရွာထဲကို စေတစ်လုံးရှင် သူတော်စင်ကြီး ရောက်လာတယ်။



"အလို ... အကျင့်စာရ သီလမြင့်မြတ်တဲ့ သူတော်စင်ကြီးရောက်ရှိလို့လာပါရောလား။ တတ်စွမ်းသမျှနဲ့ လှူဒါန်းပူဇော်ဦးမှပဲ"

ကြွေယ်က သူတော်စင်ကို မြင်လိုက်တာနဲ့ပဲ သဒ္ဓါတရားတွေ ထက်သန်လာတယ်။ သူ့မှာရှိနေတဲ့ တတ်စွမ်းသမျှ လှူဖွယ်ဝတ္ထုတွေကို ရက်ရက်ရောရောကြီး ပေးကမ်းလှူဒါန်းလိုက်ပါတော့တယ်။

"ပေးကမ်းလှူဒါန်းချင်တဲ့ သဒ္ဓါတရားထက်သန်လွန်းလှပါကလား။ ဘဝအဆက်ဆက်မှာ ပေးကမ်းလှူဒါန်းနိုင်တဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဖြစ်စေ"

ကြွေယ်လှူတာကို လက်ခံတော်မူလိုက်တဲ့ စေတစ်လုံးရှင် သူတော်စင်ကြီးက ဆုပေးပြီး ကြွလှမ်းတော်မူတယ်။ တစ်နေရာရောက်တော့ လေယ်နဲ့တွေ့ရပါလေရော။

"အလို ... သူတော်စင်ကြီးလက်ထဲမှာ ဆောင်ယူလာတဲ့ ယပ်တောင်ကြီးက အင်မတန်မှ သပ်ရပ်ကောင်းမွန်လွန်းလှပါဘိတော့တယ်။ အကျွန်ုပ်အား သနားကရုဏာထားပြီး အရှင်[illegible] ဆောင်လာတဲ့ ယပ်တောင်ကြီးကို ကျွန်ုပ်အား ပေးကမ်း[illegible]

www.burmeseclassic.com



တော်မူခဲ့ပါ"

လေယ်ကတော့ သူ့ဝသီအကျင့်အတိုင်းပေါ့။ လှူဒါန်းဖို့ ပေးကမ်းဖို့ သဒ္ဓါတရားမရှိဘူး။ လိုချင်တာကိုပဲ သူသိတယ်။ သူတော်စင်ကြီးက နေပူရင် နေကာလို့ရအောင် ယပ်တောင်ကြီးကိုယူဆောင်လာခဲ့တာ။ အဲဒီ ယပ်တောင်ကြီးကို လေယ်က တောင်းလိုက်တယ်။

"အသင်က စုံစုံမက်မက်ရှိလှတယ်ဆိုရင်ဖြင့် ပေးခဲ့ပါ့မယ်။ ယူထားလိုက်ပါ"

သူတော်စင်ကြီးက နှမြောတွန့်တိုမနေဘူး။ လေယ်လိုချင်နေတဲ့ သူ့ဆီက ယပ်တောင်ကြီးကို ပေးလိုက်တယ်။ သူတော်စင်ကြီးဆီက ယပ်တောင်ရလိုက်တော့ လေယ်မှာ အတော်ကြီးကို ဝမ်းသာနေတော့တာပဲ။

"ရေတစ်ခွက်လောက် သောက်ပါရစေ"

သူတော်စင်ကြီးက နေပူကျဲကျဲမှာ လျှောက်သွားနေရတာဆိုတော့ ရေဆာနေပြီ။ ဒါကြောင့် လေယ့်ဆီကို ရေတစ်ခွက် တောင်းလိုက်တယ်။

"ဟိုအိမ်က ပိန်မရေ၊ ရေတစ်ခွက်လောက် ယူခဲ့စမ်းဟေ့"



လေယ်ကတော့ တကယ့်လေယ်ပဲ။ ရေတစ်ခွက်ကိုတောင်မှ သူ့အိမ်က ယူမပေးဘူး။ ဘေးအိမ်က ပိန်မဆီကို ရေတစ်ခွက် လှမ်းတောင်းလိုက်တယ်။ ပိန်မယူလာတဲ့ ရေတစ်ခွက်ကိုပဲ သူတော်စင်ကြီးထံ ပေးလိုက်တယ်။

"သောက်သုံးတော်မူပါအရှင်"

လေယ်ပေးကမ်းလာတဲ့ ရေတစ်ခွက်ကိုယူပြီး သူတော်စင်ကြီးက သောက်သုံးတော်မူတယ်။

"သာဓုကွယ်၊ သာဓု၊ သာဓု။ သင်ဟာ သူတစ်ပါးဆီက ရလိုမှုကြီးလွန်းလှတဲ့သူပေပဲ။ ဒီဘဝ လွတ်မြောက်လို့ နောက်ဘဝရောက်ရင်လည်း လိုချင်တာကိုရအောင် တောင်းယူရနိုင်တဲ့သူဖြစ်စေ"

စေတလုံးရှင် သူတော်စင်ကြီးက ဆုပေးပြီး ပြန်ကြွသွားတယ်။

ဒီလိုနဲ့ပဲ ကြွယ်ရော လေယ်ပါ အသက်အရွယ်တွေကြီးရင့်လာပြီး ဇရာဘက်နင်း အိုမင်းမစွမ်းကြတော့ဘူး။ နောက်ဆုံးတော့ မီးစာကုန်ဆီခမ်းသလို ကွယ်လွန်သေဆုံးကြရပါလေရော။ ကြွယ်တို့ လေယ်တို့က သေဆုံးပြီး မကြာခင်မှာပဲ လူ[illegible]လာ



www.burmeseclassic.com

www.burmeseclassic.com



ကြာတယ်။

လူပြန်ဖြစ်လာတော့ ကြွယ်က ပေးနိုင်ကမ်းနိုင်လှုဒါန်းနိုင်တဲ့ သူဌေးကြီး ဖြစ်သွားတယ်။ လေယ်ကတော့ သူတစ်ပါးဆီက တောင်းရမ်းပြီး နေရရှာတဲ့ သူတောင်းစားရဲ့သား ဖြစ်သွားရှာသတဲ့ကွယ် ...။

♣ ♣ ♣



## မိခင်ဖြစ်မှား ငရဲလား

ကဿပမြတ်စွာဘုရားရှင်တော် လက်ထက်က ဗာရာဏသီပြည်ကြီးတွင် ကုဋေရှစ်ဆယ် ကြွယ်ဝသော သူဌေးကြီးတစ်ဦးရှိ၏။ ထိုသူဌေးကြီးမောင်နှံတို့မှ သားယောက်ျားလေးတစ်ယောက် ဖွားမြင်လာသည်။ မိတ္တဝိန္ဒကဟုခေါ်သည်။

သူဌေးသားမိတ္တဝိန္ဒကသည် ကိုယ်ကျင့်တရားယုတ်ညံ့လှသည်။ တွန့်တိုနှမြောလှသည်။ စိတ်ထားမကောင်း။ အမိကို ရိုသေရကောင်းမှန်းမသိ၊ အဖကိုလေးစားရကောင်းမှန်းမသိ။ မိုက်ကန်းလွန်းလှပါဘိတော့၏။ ရိုင်းစိုင်းလွန်းလှပါဘိတော့၏ သို့နှင့် အရွယ်ရောက်လာ၏။ တစ်ဦးတည်းသောသား ဖြစ်သောကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သူဌေးကြီးနှင့် သူဌေးကတော်ကြီးတို့က အလိုလိုက်အကြိုက် ဆောင်ထားကြ၏။ အရွယ်ရောက်လာသည်နှင့်အမျှ ထောင်လွှားမောက်မာမှုတို့ကလည်း အစွယ်ပေါက်လာခြေတော့၏။

တစ်နေ့တွင် ကုဋေရှစ်ဆယ်ကြွယ်ဝသော ဖခင်သူဌေးကြီး ကွယ်လွန်ရှာသည်။ သူဌေးကတော်ကြီးနှင့် သားဖြစ်သူ မိတ္တဝိန္ဒကတို့ ကျန်ရစ်ခဲ့၏။ ကုဋေရှစ်ဆယ်သောအမွေအနှစ်တို့လည်း ကျန်ရစ်ခဲ့၏။ သားအမိနှစ်ယောက် တစ်သက်မက စားမကုန်သော အမွေအနှစ်များ ဖြစ်ပါသည်။

"အို ... မိခင် သားတော်သည် သမုဒ္ဒရာကြီးခြား တိုင်းတစ်ပါးသို့ သွားရောက်ပြီး ကုန်ရောင်းကုန်ဝယ်ပြုလုပ်လိုပါသည်။ ခွင့်ပြုတော်မူပါ"

မိတ္တဝိန္ဒကသူဌေးသားက သူဌေးကတော်မိခင်ကြီးထံ ကပ်ပြီးပန်ကြားလေပြီ။

"အလို ... ဘယ်နှယ့်ပြောလိုက်ပါလိမ့် သားတော်လေး ရယ်။ မေမေတို့သားတို့ ပိုင်ဆိုင်တဲ့ ယောဒ်ရတနာရွှေငွေ ကျောက်သံ ပတ္တမြား ဥစ္စာပစ္စည်းတွေက သားနဲ့အမေတို့ တစ်သက်မက စားလို့မကုန်နိုင်ပါဘူး။ ရှေခြား မြေခြား တိုင်းတစ်ပါးဆီ သွားရောက်





ပြီး အရောင်းအဝယ် လုပ်ဖို့လိုပါ့မလား သားတော်လေးရယ်။ မေမေခွင့်မပြုနိုင်ပါဘူး"

မိခင်သူဌေးကတော်ကြီးက သားဆန္ဒကို ခွင့်မပြုပေ။

"အို ... မိခင်ကြီး။ အကျွန်ုပ်သည်ကား မတစ်ထောင် တစ်ကောင်ဖွား အာဂယောက်ျားကောင်းတစ်ဦးပါ။ သားလိုအင် သားဆန္ဒကိုမကန့်ကွက်ပါနဲ့။ သွားပါရစေ"

မိတ္တဝိန္ဒကသည် ပေါက်ရုံးလက်မောင်း ဆန့်တန်းပြ လာသည်။ မေးရိုးကြီးများက တင်းလာခြေသည်။ မိခင်ဖြစ်သူကို မှုန်တေတေမျက်နှာပေးဖြင့် စိုက်ကြည့်နေသည်။

"မသွားရဘူးသား။ မသွားရဘူး။ မေမေဘယ်နည်းနဲ့မှ သွားခွင့်မပြုနိုင်ဘူး။ သားကော်လေး သွားမယ့် တိုင်းတစ်ပါးက တစ်မျှော်တခေါ် အဝေးကြီး။ သမုဒ္ဒရာကြီးကလည်း ခြားထားတယ်။ သမုဒ္ဒရာဆိုတာ အင်မတန်မှကျယ်ပြန့်နက်ရှိုင်းလှတယ်။ အန္တရာယ်တွေကလည်းအများကြီး။ သားတော်လေးကိုမေမေ စိတ်မချနိုင်ဘူး"

မိခင်ဖြစ်သူ သူဌေးကတော်ကြီးက ကြောင်းကျိုးပြလေး မြစ်သည်။ မိတ္တဝိန္ဒကသည် မိခင်ကြီးက ဖျောင်းဖျပြောဆိုသည်

www.burmeseclassic.com



များကို နားမဝင်။ မိခင်ကြီး၏ ပြောစကားများကို ခေါင်းရမ်းငယ်ရှား ပစ်လေတော့၏။

“မတားပါနဲ့မေမေ။ ကျွန်ုပ်အားလုံး စီစဉ်ပြီးပြီ။ ခုပဲသွား တော့မယ်”

မိတ္တဝိန္ဒကသည် သွားတော့မည်တကဲကဲ လုပ်နေ၏။ မိခင်ဖြစ်သူကြီးခမျာ ဆောက်တည်ရာမရဖြစ်နေပြီ။ ရင်ထဲမှာလည်း ဗလောင်ဆူနေတော့၏။

“မေမေ စိတ်မချနိုင်လွန်းလို့ပါသားရယ်။ မသွားပါနဲ့နော် သား။ မသွားပါနဲ့လားသားလေးရယ်”

မိခင်သူဌေးကတော်ကြီးက အသနားခံတောင်းပန်နေ သည်ကို မထိမဲ့မြင် ပြုရက်နိုင်လွန်းသူကား မိတ္တဝိန္ဒက ဖြစ်သတည်း။

“အချိန်မရှိတော့ဘူးဗျာ။ ခရီးဖော်တွေ စောင့်နေကြ ရောမယ်။ ကဲ … သွားပြီ”

မိခင်ကြီးကို ကျောခိုင်းပြီး မိတ္တဝိန္ဒက ထွက်ခွာလာခဲ့သည်။

“မေမေ့ကို တစ်ယောက်တည်းထားပြီး မသွားပါနဲ့သား ရယ်။ သားမရှိရင် အမေသေမှာပဲ။ အမေ့ကို သနားရင် မသွားပါနဲ့လားသားရယ်”





မိခင်ကြီးက မိတ္တဝိန္ဒကဆီပြေးသွားပြီး လက်ကို ဖမ်းဆွဲထားလိုက်သည်။ မိခင်ကြီး၏ မျက်နှာပေါ်တွင် မျက်ရည်များက စီးဆင်းနေတော့၏။

“ခက်တော့တာပဲဗျာ။ မသွားလို့မဖြစ်ဘူး။ အဖော်တွေ ကိုလည်း လိုက်ဖြစ်အောင်လိုက်မယ်လို့ ပြောပြီးပြီ။ အချိန်တောင် အတော်လင့်သွားပြီ။ နေခဲ့တော့ဗျာ၊ နေခဲ့တော့”

မိတ္တဝိန္ဒကသည် မိခင်ဆွဲကိုင်ထားသောလက်ကို ဆောင့် ရုန်းပြီးထွက်လာခဲ့၏။ အားနှင့်အင်နှင့်ဆွဲထားသော မိခင်အိုကြီး၏ လက်ထဲက မိတ္တဝိန္ဒက လွတ်ထွက်သွားပြီ။ အတင်းဆောင့် ရုန်းသွားသောကြောင့် မိခင်ကြီးခမျာ ပက်လက်လန်လဲကျကျန်ရစ် ခဲ့ရလေတော့၏။

မိခင်ဖြစ်သူ သောကရောက်အောင် ပြုရက်လေသော မိတ္တဝိန္ဒက ပါတကား။

မိတ္တဝိန္ဒကသည် ခရီးဖော်များနှင့်အတူ ကုန်တင်လှေကြီး စီးပြီး ထွက်လာခဲ့ပြီ။ သမုဒ္ဒရာသည်လည်း တစ်စတစ်စ နက်မှောင် သည်ထက် နက်ရှိုင်းလာပြီ။ လေပြင်းမုန်တိုင်းက ထန်လွန်းလှ၏။ လှိုင်းလုံးကြီးများက တဝုန်းဝုန်း။ ကြောက်မက်ဖွယ်ရာအတိ



www.burmeseclassic.com

www.burmeseclassic.com



ပြည့်နှက်နေသော သမုဒ္ဒရာ ရေပြင်ထဲသို့ ရောက်ရှိလာခဲ့သည်မှာ ခုနစ်ရက်တိတိပြည့်ခဲ့လေပြီ။ ခုနစ်ရက်မြောက်သောနေ့၌ မိတ္တဝိန္ဒကတို့ စီးနင်းလိုက်ပါလာသော လှေကြီးသည် သမုဒ္ဒရာရေပြင်ပေါ်ဝယ် ရှေ့သို့ မတိုးတော့ဘဲ ရပ်တန့်နေတော့၏။

"ဟာ ... ဘာဖြစ်တာပါလိမ့်။ တို့လှေကြီး ရှေ့မတိုးတော့ဘဲရပ်တန့်နေပြီ။ ဒုက္ခပါပဲကွာ။"

လှေပေါ်တွင်ပါလာကြသော မိတ္တဝိန္ဒကအပါအဝင် ခရီးဖော်အားလုံး ပြာလောင်ခပ်သွားကြတော့၏။ အထိတ်တလန့် ဖြစ်နေကြပြီ။

"အားလုံးနားထောင်ကြဟေ့။ သမုဒ္ဒရာစောင့်နတ်မင်းကြီးကို ဗလိနတ်စာကျွေးပြီး ပူဇော်ပသကြို့ လိုပြီဟေ့။ ဗလိနတ်စာနဲ့ ပူဇော်ပသကြစို့"

လှေပေါ်တွင်ပါလာသော အတွေ့အကြုံရင့်ကျက်သူ တစ်ဦးကအကြံပေးသည်။ သမုဒ္ဒရာစောင့်နတ်မင်းကြီးအား ဗလိနတ်စာဖြင့်ပူဇော်ပသပေးလိုက်ကြ၏။ ခရီးစဉ် ချောချော ချောချောဖြစ်စို့ ကိုလည်းဆုတောင်းကြ၏။ ဗလိနတ်စာဖြင့်လည်း ပူဇော် သပြီးပြီ။ ဆုလည်းတောင်းပြီးပြီ။ လှေကြီးသည်ကား ရှေ့မရွေ့ဘဲ



ရပ်မြဲရပ်တန့်နေ၏။ ကြံရာမရ ဖြစ်ကြရပြန်ပြီ။

"တို့အဖွဲ့ထဲမှာတို့နဲ့အတူ ခရီးရှေ့ဆက်မလိုက်အပ်တဲ့ သူတစ်ဦးတစ်ယောက်ပါနေပြီထင်ပါရဲ့ကွယ်။ ခရီးရှေ့ဆက်နိုင်ဖို့က အရေးကြီးတယ်။ ဒီတော့ ဒို့တစ်တွေအားလုံးမဲနှိုက်ကြရအောင်။ သုံးကြိမ်သုံးခါ မဲနှိုက်ကြမယ်။ သုံးကြိမ်သုံးခါလုံးမဲပေါက်တဲ့သူကို တို့လှေပေါ်ကနေ ထားရစ်ခဲ့ရမှာပဲ။ ဘယ်နဲ့လဲ၊ အားလုံး သဘောတူကြရဲ့လား"

"သဘောတူပါတယ်။ ရှေ့ဆက်သွားနိုင်ဖို့က အရေးကြီးပါတယ်။ မဲနှိုက်ဖို့ စီစဉ်ပေးပါ။"

အတွေ့အကြုံရင့်ကျက်သူ၏အဆိုကို အားလုံးကသဘော တူကြသည်။ မဲလိပ်များလိပ်ပြီး မဲနှိုက်ကြရလေပြီ။

ပထမတစ်ကြိမ်မဲပေါက်သူကား မိတ္တဝိန္ဒက။

ဒုတိယအကြိမ် မဲနှိုက်ကြပြန်သည်။ ဒုတိယအကြိမ်တွင်လည်း မိတ္တဝိန္ဒကပင်မဲပေါက်ပြန်သည်။

"ကဲ ... နောက်ဆုံး တတိယအကြိမ် မဲနှိုက်ပါမယ်"

တတိယအကြိမ် မဲနှိုက်ကြပြန်၏။ တတိယအကြိမ် မဲပေါက်သူမှာလည်း မိတ္တဝိန္ဒကသာတည်း။



www.burmeseclassic.com

www.burmeseclassic.com



မိတ္တဝိန္ဒကသည်ကား သုံးကြိမ် သုံးခါစလုံး မဲပေါက်သည့် ကံခေမွဲသူတစ်ဦးဖြစ်ရလေတော့၏။ မိတ္တဝိန္ဒကကို လှေပေါ်မှထားခဲ့ရပေတော့မည်။ ဖောင်တစ်ခုကိုအလျင်အမြန် ဖွဲ့လိုက်ကြ၏။

ဖွဲ့ပြီးသည်နှင့်ချက်ချင်း မိတ္တဝိန္ဒကကိုလှေပေါ်ကနေ ဖောင်ပေါ်တင်ပေးလိုက်ကြသည်။ လှေပေါ်ကနေ မိတ္တဝိန္ဒကကို ချပြီးသည်နှင့် လှေကြီးသည်လည်း ရှေ့သို့ရွေ့မျောသွားလေတော့၏။ သမုဒ္ဒရာအလယ်က ဖောင်ပေါ်တွင်ကား မိတ္တဝိန္ဒက တစ်ယောက်တည်းသာတည်း။

**မိတ္တဝိန္ဒကစီးနေရသောဖောင်သည်** ရေစီးအတိုင်း မျောပါနေသည်။ **ကျွန်းတစ်**ကျွန်းသို့ရောက်သွား၏။ ထိုကျွန်းသည်ကား ကျွန်း**အစစ်**မဟုတ်။ ဖန်ဆင်းထားသည့် ကျွန်းသာဖြစ်သည်။ **ဝင်စစ်မှုကား** ငရဲသားတို့ ပျော်စံရာ ငရဲပြည်ကြီးသာ ဖြစ်ပေသည်။ မိတ္တဝိန္ဒကသည် ထိုငရဲပြည်ကြီးကို တကယ့်အစစ်အမှန် ကျွန်းတစ်ကျွန်းဟု မြင်နေရ၏။ ကျွန်းပေါ်တွင် မြို့ကြီးတစ်ခုအလားထင်မြင်ရပြန်၏။ မိတ္တဝိန္ဒကမြင်နေရသော ကျွန်းပေါ်တွင် စည်ကားသာယာသောမြို့ကြီးတစ်မြို့ကို အထင်အရှား တွေ့မြင်





နေရပြန်၏။

"အလို ... ငါ၏ ရှေးဘုန်းရှေးကံကြောင့် ကြီးကျယ်ခံ့ညား စည်ကားသာယာသော မြို့ကြီးသို့ ရောက်ခဲ့ရလေပြီတကား။ ငါသည် ထိုကျွန်းကိုဆိုက်ကပ်၍ ကျွန်းပေါ်ရှိထိုမြို့ကြီးပေါ်မှာ မင်းအဖြစ် စိုးစံရပေတော့အံ့"

မိတ္တဝိန္ဒကသည် စီးလာသောဖောင်တော်ကို ကျွန်းမြေကမ်းစပ်မှာ ရပ်စေတော့၏။ ဖောင်ပေါ်ကဆင်းလာပြီး မြင်နေရသော မြို့ကြီးအတွင်းသို့ရောက်အောင် အလျင်အမြန် သွားနေလေတော့သည်။ ငရဲသားတို့က ကျွန်းအယောင် ဖန်ဆင်း ထားပြီး မြို့အယောင်ဖန်တီးထားသော မြို့ကြီးအတွင်းသို့ မိတ္တဝိန္ဒက ရောက်သွား၏။ ငရဲသားတို့ကား ပျားပန်းခပ်မျှ ရှိကြကုန်၏။ မိမိတို့အပြစ်အလျောက် ထိုက်သင့်သောအပြစ်ဒဏ်ကို ခံစားနေကြရကုန်၏။

ငရဲသားတစ်ဦးသည်ကား သင်ဓုန်းဓားစက်ကို ဦးခေါင်းပေါ်၌တင်ထားရသည်။ ငရဲသား၏ ဦးခေါင်းထက်က သင်ဓုန်းဓားစက်ကို သင်ဓုန်းဓားစက်ဟု မိတ္တဝိန္ဒက မမြင်။ ပဒုမ္မာကြာပန်းကိုပန်ဆင်ထားသည်ဟုသာမြင်နေရ၏။ ပဒုမ္မာကြာပန်းပန်းဆင်

www.burmeseclassic.com

www.burmeseclassic.com



ထားသည်ဟုမြင်နေရသော မိတ္တဝိန္ဒကအမြင်တွင် ထိုငရဲသားသည် ပဒုမ္မာကြာပန်းကို ပန်ဆင်ထားသည့်အလားခံ့ညားလှပနေတော့၏။ ထိုငရဲသား၏ဦးခေါင်းပေါ်က သင်ဓုန်းဓားစက်ကို ပဒုမ္မာကြာပန်းအသွင်ဖြင့်မြင်နေရလေသော မိတ္တဝိန္ဒကသည် မြင်လျှင်မြင်ချင်း ချည်ခြင်း တပ်လေသည်။

“အို … အရှင်ယောက်ျား။ သင့်ဦးခေါင်းထက်တွင် ပန်ဆင်ထားသောပဒုမ္မာကြာပန်းကို ငါ့အားပေးလော့”

မိတ္တဝိန္ဒကသည် အာသာငမ်းငမ်းဖြင့် တောင်းဆိုလိုက်၏။

“အလို … အိုဘယ့်ယောက်ျား။ သင်မြင်နေရသော ငါ၏ဦးခေါင်းထက်တွင် အသင်ထင်သလိုပဒုမ္မာကြာပန်းမဟုတ်။ သင်ဓုန်းဓားစက်သာဖြစ်၏။ အသင်ယောက်ျား ယူဆောင်ခြင်းငှာ မအပ်ပေတကား”

ငရဲသားက အမှန်အတိုင်းပြောပြသည်။ ငရဲသားပြောပြသောစကားကို မိတ္တဝိန္ဒကကမယုံကြည်။ ထိုသူ့ခေါင်းပေါ်က တင့်တယ်ခံ့ညားလှပနေသော ပဒုမ္မာကြာပန်းကို မပေးလိုသဖြင့် လိမ်ညာလှည့်ဖြားမုသားစကားဆိုသည်ဟု အထင်မှားလေတော့၏။

“သင့်ခေါင်းပေါ်တွင်ပန်ဆင်ထားသော ပဒုမ္မာကြာပန်းကို





မပေးလိုသောကြောင့် မာယာလှည့်ဖြားမုသားစကားဆိုသည် မဟုတ်တုံလော။ ထိုပဒုမ္မာကြာပန်းကိုငါမြတ်နိုး၏။ နှစ်သက်စုံမက်၏။ ထိုကြောင့် ငါ့အားသင့်ခေါင်းပေါ်က ပဒုမ္မာကြာပန်းကို ချပေးပါလော့”

မိတ္တဝိန္ဒကတောင်းဆိုနေသည်ကို ငရဲသားကငြင်းဆန်၏။ သို့သော် မရမကတောင်းဆိုနေသောမိတ္တဝိန္ဒက၏အလိုဆန္ဒကို လိုက်လျောပေးလိုက်လေတော့သည်။

“အသင် အင်မတန်နှစ်သက်စုံမက်မြတ်နိုးတော်မူလွန်းလှသော ငါ၏ဦးခေါင်းထက်တွင် တင်ထားရသည့်အရာသည်ကား သင်ထင်မြင်နေသလိုပဒုမ္မာကြာပန်းမဟုတ်။ သင်ဓုန်းဓားစက် စစ်စစ်သာဖြစ်ပေသည်။ အသင်ကမူ စုံမက် နှစ်သက်မြတ်နိုးလွန်းလှသည်ရှိသော် ရော့ … ယူလော့”

ငရဲသားက သူ့ဦးခေါင်းပေါ်တွင်ရှိနေသော မိတ္တဝိန္ဒကက ပဒုမ္မာကြာပန်းဟုထင်ထားသည့်သင်ဓုန်းဓားစက်ကို ပေးအပ်လိုက်သည်။ မိတ္တဝိန္ဒကသည်တုန့်ဆိုင်းမနေဘဲ ဝမ်းသာအားရ လှမ်းယူလိုက်၏။

မိတ္တဝိန္ဒကသည်လက်ထဲရောက်လာသောပဒုမ္မာကြာပန်း



www.burmeseclassic.com

www.burmeseclassic.com



ဟုထင်ထားသည့်သင်ဓုန်းဓားစက်ကို ခေါင်းပေါ်တင်ပန်ဆင်လိုက်လေသည်။ သင်ဓုန်းဓားစက်သည် မိတ္တဝိန္ဒက ခေါင်းပေါ်တွင် ချားရဟတ်လှည့်သကဲ့သို့ လည်ပတ်ကာ မိတ္တဝိန္ဒက၏ဦးခေါင်းကို အပိုင်းပိုင်းပြတ်အောင် ဖြတ်လေတော့သတည်း။

မိဘစကား ပစ်ပယ်ပြား
မှားမိနောင်တ ပြင်မရ။
မိဘပြစ်မှား ရဲလား
ထင်ရှားပါဘိ ပုံပြင်ရှိ။ ။

♣ ♣ ♣

# သစ္စာတန်ခိုး

ဟိုး ... ရှေးရှေးတုန်းကပေါ့ကွယ်။

ပါဋလိပုတ်ပြည်ကြီးကို ဓမ္မာသောကမင်းကြီး စိုးစံတော်မူနေတယ်။ တစ်နေ့မှာတော့ ဓမ္မာသောကမင်းကြီးက မှူးကြီးမတ်ရာသေနာပတိတွေအစုံအလင်နဲ့ တိုင်းခန်းလှည့်လည်တော်မူတယ်။ တိုင်းခန်းလှည့်လည်တော်မူရင်းနဲ့ ဂင်္ဂါမြစ်ကမ်းနားကို ရောက်ရှိလို့လာပါလေရော။

ဓမ္မာသောကမင်းကြီးက ဂင်္ဂါမြစ်ရေတွေစီးဆင်းနေတာကိုပဲ တငေးတမော ရှုစားတော်မူနေတယ်။ ဂင်္ဂါမြစ်ရေတွေကလည်း ရေတို့ရဲ့သဘာဝအတိုင်းပါပဲ။ မြင့်ရာကနေ နိမ့်ရာဆီရုပ်ဘက်

www.burmeseclassic.com

www.burmeseclassic.com



စီးဆင်းနေတယ်။ အထက်ဘက်ကနေအောက်ဘက်ကို စုန်ပြီး စီးဆင်းနေတာပေါ့။

"အလို ... အမတ်မင်းတို့ရှုစားတော်မူကြစမ်းပါဦး"

မဟာသေနကမင်းကြီးက ဂင်္ဂါမြစ်ကြီးကို လက်ညှိုးနဲ့ညွှန်ပြီး ပြတော်မူနေတယ်။ မှူးကြီးမတ်ရာသေနာပတိအားလုံးကလည်း ဘုရင်မင်းတရားကြီး ညွှန်ပြနေတဲ့ဂင်္ဂါမြစ်ကြီးကို မျက်တောင်မခတ်ဘဲကြည့်နေကြရတယ်။

"ဂင်္ဂါမြစ်ထဲမှာ ဘာတွေများထူးထူးခြားခြား အံ့သြစရာတွေ ရှိနေလို့လဲ"

ဂင်္ဂါမြစ်ကြီးကိုကြည့်နေကြတဲ့ မှူးကြီးမတ်ရာသေနာပတိ အားလုံးက ဂင်္ဂါမြစ်ကြီးထဲမှာထူးဆန်းအံ့သြစရာကောင်းလောက်အောင်ဘာတွေရှိနေလို့လဲ ဆိုတာကို ရှာဖွေကြည့်ရှု နေကြတယ်။ ဒါပေမယ့် ဂင်္ဂါမြစ်ကြီးထဲမှာ ထူးဆန်းအံ့သြစရာ ကောင်းလောက်တာ ဘာတစ်ခုမှမတွေ့မမြင်ရပါဘူး။

"အမတ်မင်းတို့။ ဟောဒီဂင်္ဂါမြစ်ရေတွေ စီးဆင်းနေတာကိုမြင်တော်မူကြရရဲ့လား"

ဘုရင်မင်းတရားကြီးက အမေးတော်ရှိလာပြီ။





"မှန်လှပါဘုရား။ ဂင်္ဂါမြစ်ရေတွေ စီးဆင်းနေတာကို မြင်ရတော်မူပါတယ်ဘုရား"

မှူးကြီးမတ်ရာသေနာပတိတွေက တညီတညွတ်တည်း လျှောက်ထားတော်မူကြတယ်။

"ဂင်္ဂါမြစ်ရေတွေက ဘယ်အရပ်ကနေ ဘယ်အရပ်ကို စီးဆင်းနေတာလဲ အမတ်မင်းတို့"

"မှန်လှပါဘုရား။ ဂင်္ဂါမြစ်ရေတွေက အထက်ဘက်အရပ်ကနေ အောက်ဘက်အရပ်ဆီသို့စီးဆင်းနေကြောင်းပါဘုရား"

"မှန်လှတော်မူပေတယ် အမတ်မင်းတို့။ ကဲ ... အထက်ဘက်အရပ်ကနေအောက်ဘက်အရပ်ဆီရောက်အောင် အရှိန်အဟုန်ပြင်းပြင်းနဲ့စီးဆင်းနေတဲ့ဂင်္ဂါမြစ်ရေတွေကို အောက်ဘက်ကနေအထက်ဘက်ဆန်ပြီးစီးဆင်းအောင်လုပ်ရမယ်။ ဘယ်သူများ စွမ်းဆောင်နိုင်သလဲ။ စွမ်းဆောင်နိုင်တဲ့သူကို ဆုတော် လာဘ်တော်များ ချီးမြှင့်တော်မူမယ်ဗျာ"

မဟာသေနကမင်းကြီးကတော့ ကတ်သီးကတ်သတ်မေးခွန်းကို အမေးတော်ရှိနေပြီ၊ ရေဆိုတာက အထက်ဘက်ကနေ အောက်ဘက်ကိုပဲ စုန်ပြီး စီးဆင်းတယ်။ [illegible]

www.burmeseclassic.com

www.burmeseclassic.com



အထက်ဘက်ကို ဆန်ပြီးမစီးဆင်းဘူး။ သဘာဝကို ကျော်လွှန်ပြီး စွမ်းဆောင်နိုင်ဖို့ဆိုတာက မလွယ်တဲ့ကိစ္စပဲ။ မဖြစ်နိုင်တာကိုဖြစ်အောင် လုပ်နိုင်းလိုက်တာကြောင့် မှူးကြီးမတ်ရာ သေနာပတိတွေအားလုံး ကသိကအောက်ဖြစ်နေကြရရှာတယ်။

"တို့ဘုရင်ကြီးကလည်းကွာ ကြံကြံဖန်ဖန် စေခိုင်းနေတယ်။ ဂင်္ဂါမြစ်ရေကို အထက်ဘက်ဆန်ပြီး စီးဆင်းအောင် ဘယ်သူလုပ်နိုင်မှာလဲ။ ဘယ်သူမှ မလုပ်နိုင်တဲ့ကိစ္စကိုစေခိုင်းနေပြီ။ ခက်တော့တာပါပဲကွာ"

မှူးကြီးမတ်ရာသေနာပတိတွေအားလုံး ခေါင်းကိုလက်နဲ့ ကုတ်ပြီး ညည်းတွားနေကြတယ်။ အဲဒီလိုညည်းတွားနေတဲ့ နေရာကို အမျိုးသမီးငယ်လေးတစ်ဦးရောက်လာတယ်။

"အမတ်မင်းတို့အားလုံးရဲ့မျက်နှာတော်တွေက မကြည်မလင် မရွှင်မလန်းနဲ့ ညှိုးနွမ်းလို့နေကြပါရောလား။ ဘယ်အရေး ဘယ်အကြောင်းတော်ကြောင့် စိတ်တော်ပင်ပန်းပြီး မရွှင်မလန်း ဖြစ်နေကြရတာပါလဲဘုရား။ သမီးတော်ကို မိန့်ကြားတော်မူပါဦးဘုရား"

ရောက်လာတဲ့အမျိုးသမီးငယ်လေးက မေးမြန်းစုံစမ်း



တော့တာပါပဲ။

"ဒီ[illegible]ယ့် သူငယ်မရဲ့။ တို့ရဲ့အရှင်ဘုရင် မှော်သောတမင်းကြီးက ဟောဒီဂင်္ဂါမြစ်ရေတွေကို အောက်ဘက်ကနေ အထက်ဘက်ရောက်အောင် ဆန်ပြီးစီးဆင်းအောင် လုပ်ပေးရမယ်လို့ အမိန့်တော်မှတ်ထားတယ်။ ရေကိုအထက်ဘက်ဆန်ပြီး စီးဆင်းအောင်လုပ်လို့မှ မရတာဘဲသူငယ်မရယ်။ အဲ့ကြောင့် ဖိတို့ အားလုံး အကြံရခက်ပြီး လက်မှိုင်ချနေကြရတယ်"

အမတ်ကြီးတစ်ဦးကရှင်းပြလိုက်တော့ အကြောင်းစုံကို သိသွားတယ်။ အကြောင်းစုံသိရတဲ့ အမျိုးသမီးလေးရဲ့ မျက်နှာတော့ ပြုံးလို့ရွှင်လို့ပါပဲ။

"ဒီအရေးဒီကိစ္စအတွက်နဲ့တော့ ရွှေစိတ်တော်တွေ ညှိုးနွမ်းတော်မမူကြပါနဲ့ဘုရား။ ကျွန်တော်မျိုးမကိုယ်တိုင် ဆောင်ရွက်ပေးတော်မူပါမယ်"

အမျိုးသမီးငယ်လေးဆိုက,စကားကိုယုံကြည်တဲ့ အမတ်မင်းတွေရှိသလို မယုံကြည်တဲ့ အမတ်မင်းတွေလည်း ရှိတာပေါ့။

"ဟယ် ... ဒီသူငယ်မ။ ငယ်ငယ်ရွယ်ရွယ် လှလှပပလေးနဲ့ မင်းပြစ်မင်းဒဏ်သင့်လို့ သေပွဲဝင်ရတော့မယ်။ တို့လိုအားကောင်း

www.burmeseclassic.com



မောင်းသန် ယောက်ျားရင့်မာကြီးတွေတောင် မလုပ်နိုင်တာကို နင်ကဘယ်လိုလုပ်ပြီး စွမ်းဆောင်နိုင်မှာလဲ. သူငယ်မလေးရဲ့။ စကားကို ဆင်ဆင်ခြင်ခြင်ပြောပါသူငယ်မ။ မဖြစ်နိုင်တာကို ဖြစ်နိုင်ပါတယ်လို့ ဘုရင်မင်းတရားကြီးထံ သံတော်ဦးတင်ပြီးမှ ဖြစ်အောင်မလုပ်နိုင်ရင် မင်းတို့မျက်စောင်းက အကြောင်းမရွေးဘူးနော်။ အလိုလိုနေရင်း သေဒဏ်ထိသွားဦးမယ်နော်သူငယ်မ"

အမတ်ကြီးတစ်ဦးက မင်းပြစ်မင်းဒဏ်သင့်မှာကို စိုးရိမ်ဘာကြောင့် သတိပေးလိုက်တယ်။

"စိုးရိမ်တော်မမူပါနဲ့ဘုရား။ ကျွန်တော်မျိုးမ အမှန်တကယ် ဆောင်ရွက်နိုင်ပါတယ်။ ဆောင်ရွက်ခွင့်ပေးတော်မူပါ"

အမျိုးသမီးလေးကတော့ ရဲရဲဝံ့ဝံ့နဲ့ပဲ အာမခံကတိပေးနေပြီ။ ဒီတော့ ဂါရီမြစ်ရေကို အောက်ဘက်ကနေ အထက်ဘက်ဆန်ပြီးစီးဆင်းအောင် ဆောင်ရွက်ပေးနိုင်ပါတယ်လို့ အာမခံကတိပေးလာတဲ့ အမျိုးသမီးလေးကို မှူးမတ်များက မင်းကြီးထံခေါ်ဆောင်လာခဲ့ကြတယ်။

"ဟဲ့ … သူငယ်မအထက်ဘက်ကနေ အောက်ဘက်ကို





ငုန်ပြီး စီးဆင်းနေတဲ့ ဟောဒီဂါရီမြစ်ရေတွေကို အောက်ဘက်ကနေ အထက်ဘက်ဆန်ပြီး စီးဆင်းအောင် လုပ်ပေးနိုင်တယ်ဆိုတာ ဟုတ်ရဲ့လား"

"မှန်လှပါဘုရား။ ကျွန်တော်မျိုးမ ဆောင်ရွက်တော်မူနိုင်ပါတယ်ဘုရား။ မကြာခင်မှာ ဟောဒီ ဂါရီမြစ်ရေတွေဟာ အောက်ဘက်ကနေ အထက်ဘက်ကို ဆန်ပြီးစီးဆင်းတော်မူပါလိမ့်မယ်ဘုရား။ ရှုစားတော်မူပါဘုရား"

အမျိုးသမီးငယ်လေးက ချက်ချင်းပဲ ဂါရီမြစ်ဘက်ကို မျက်နှာမူလိုက်တယ်။ ဂါရီမြစ်ကို စေ့စေ့ကြည့်ပြီးတော့ နှုတ်ကလည်း တဖွဖွရွတ်ဆိုနေတယ်။ အမျိုးသမီးငယ်လေး ရွတ်ဆိုလို့လည်းပြီးရော မကြာပါဘူး။ ဂါရီမြစ်ရေတွေက အောက်ဘက်ကနေ အထက်ဘက်ကို ဆန်ပြီးစီးဆင်းပါလေရော။

ရှုစားတော်မူနေကြတဲ့ မြောသောကမင်းကြီးရော မှူးကြီးမတ်ရာသေနာပတိတွေပါ အားလုံးက ဟယ်ကနဲ၊ ဟာကနဲနဲ့ တအံ့တသြ ဖြစ်သွားကြရတယ်။ အမျိုးသမီးငယ်လေးကို အထူးအဆန်း အစွမ်းထက်တဲ့ သူငယ်မလေးပဲဆိုပြီး ချီးမွမ်း ထောမနာပြုကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အလို ... တကယ်ပင်ထူးဆန်းအစွမ်းထက်တော်မူ လှပါပေရဲ့။ သင့်ရဲ့အမည်နာမနဲ့ အလုပ်အကိုင်ကိုလည်း ငါ ကိုယ်တော်မြတ်သိလိုတော်မူတယ်။ စောစောက ဂင်္ဂါမြစ်ကြီး ကြည့်ပြီး သင့်နှုတ်နဲ့ တဖွဖွရွတ်ဆိုနေတာကို ငါကိုယ်တော် မြတ် မြင်တွေ့တော်မူတယ်။ သင်ရွတ်ဆိုလိုက်တာကိုလည်း ငါကိုယ်တော်မြတ် ကြားသိလိုပေတယ်။ မခြွင်းမချန် သံတော် ဦးတင်စေဗျား"

ဓမ္မာသောက မင်းကြီးကသူငယ်မလေးဆီမှာ အစွမ်း ထက်တဲ့ ဂါထာတော်တွေ ရှိနေတယ်ဆိုတာကို သိနေပြီ။

"မှန်လှပါအရှင်မင်းကြီးဘုရား။ ကျွန်တော်မျိုးမရဲ့ အမည် နာမကတော့ ဗန္ဓုမတီလို့ ခေါ်တွင်ပါတယ်ဘုရား။ ကျွန်တော်မျိုးမရဲ့ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်ကတော့ ပြည့်တန်ဆာမပဲ ဖြစ်ကြောင်းပါဘုရား"

ဘုရင်မင်းကြီးရဲ့ရှေ့မှောက်မှာ ရောက်ရှိနေရတဲ့ အမျိုး သမီးငယ်လေးက သူမရဲ့ အမည်ရင်းနဲ့ သူမရဲ့အလုပ်အကိုင်ကို မဖုံးမကွယ်ဘဲ တင်လျှောက်လိုက်တယ်။

"ကျွန်တော်မျိုးမ ရွတ်ဆိုလိုက်တာကတော့ တစ်ခြားအထူး





အထွေမဟုတ်ပါဘူးဘုရား။ သစ္စာဆိုလိုက်ခြင်းသာ ဖြစ်ပါတယ်ဘုရား"

"သူငယ်မရွတ်ဆိုလိုက်တဲ့ သစ္စာစကားကို ကြားသိလိုတော်မူ ပေတယ်။ လျှောက်တင့်စမ်းပါဦး"

"ကျွန်တော်မျိုးမ ရွတ်ဆိုတိုင်တည်လိုက်တဲ့ သစ္စာစကားကို လျှောက်တင်တော်မူပါမယ်ဘုရား"

ပြည့်တန်ဆာမဖြစ်တဲ့ ဗန္ဓုမတီက သူမရွတ်ဆိုလိုက်တဲ့ သစ္စာစကားကို လျှောက်တင်လိုက်ပါတယ်။

"ကျွန်ုပ်သည် အဆင်းရုပ်ရုံကို မှီခိုပြီး အသက်မွေးနေ ရသူဖြစ်ပါသည်။ ကျွန်ုပ်အား အခကြေးငွေပေးပြီး ဆက်ဆံလာသူ မှန်သမျှကို အယုတ်အလတ် အမြတ်မရွေးဘဲ အလုပ်အကျွေး ပြုခဲ့ပါသည်။ တန်းတူညီမျှ အလုပ်အကျွေးပြုခဲ့ခြင်း ဖြစ်ပါ သည်။ ဤမှန်ကန်သော သစ္စာစကားကြောင့် ဂင်္ဂါမြစ်ရေအလျဉ်သည် အောက်သို့ စုန်မဆင်းဘဲ အထက်သို့ ဆန်တက်ပါစေ သတည်း"

အဲဒီသစ္စာစကားကို ပြည့်တန်ဆာမ ဗန္ဓုမတီက ရွတ်ဆို လိုက်တာပါ။ သူမရွတ်ဆိုလိုက်တဲ့ သစ္စာစကားက မှန်ကန်သော ကြောင့် ဂင်္ဂါမြစ်ရေက စုန်ဆင်း မသွားဘဲနဲ့ ဆန်တက်သွား

www.burmeseclassic.com

www.burmeseclassic.com



တာပဲ ဖြစ်ပါတယ်။

"အလို ... သစ္စာအစွမ်းက ဆန်းကြယ်လွန်းလှပါဘိတကား။ သစ္စာအစွမ်းနဲ့ အထူးအဆန်းဖြစ်အောင် ဆောင်ရွက်တော်မူနိုင်ခဲ့တဲ့ ဒီသူငယ်မလေးကို ဆုတော်လာဘ်တော်များ ချီးမြှင့်ပေးသနားတော်မူလိုက်ပါတော့ အမတ်ကြီးတို့ဗျား"

ဗန္ဓုမတီလေးက ပြည့်တန်ဆာမဘဝရောက်နေရပေမယ့် မှန်ကန်တဲ့ သစ္စာစကားကို ဆိုရဲတယ်။ ပြောရဲတယ်။ သူမဆိုတဲ့ ပြောတဲ့စကားက မှန်ကန်တာကြောင့် ဂင်္ဂါမြစ်ရေအလျဉ်က စုန်မဆင်းဘဲ ဆန်တက်ခဲ့ရတယ်။ အဆန်းတကြယ်ဖြစ်အောင် အစွမ်းထက်လှတဲ့ ဗန္ဓုမတီပြည့်တန်ဆာမလေးကို ဓမ္မာသောကမင်းကြီးက ဆုတော်လာဘ်တော်တွေ ချီးမြှင့်တယ်။ သစ္စာစကားက အင်မတန်မှ အစွမ်းထက်ပြီး တန်ခိုးတော်ကြီးလှတယ်။

အကြောင့်လည်း

"ကာတိသစ္စာ၊ တည်သောခါ၌
ဩဇာလေးနက်၊ မြေဆီတက်၍
နွယ်မြက်သစ်ပင် ဆေးဖက်ဝင်၏"လို့ ဆိုကြရတာပေါ့။





မှန်ကန်တဲ့စကားကို ပြောရတယ်။ လိမ်ညာပြီး မပြောရဘူး။ မှန်ကန်တဲ့စကားက သစ္စာစကားပဲ။ သစ္စာစကားကို ပြောရင် အစွမ်းထက်ပြီး တန်ခိုးကြီးတဲ့ သူဖြစ်မှာ မလွဲပါဘူးကွယ် .....။

ရေနံ့သာ မောင်ကျော်ညွန့်



www.burmeseclassic.com